

PHOTO: IOM

# CHAPTER 12 • 2015
# SAFETY AND SECURITY

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းနှင့်တူသော နေရာအမျိုးမျိုးကို ရည်ညွှန်း ခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- စခန်းတစ်ခုတွင် ဘေးကင်းလုံခြုံစေရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အရပ်ဖက် ဂိုဏ်သေသလက္ခဏာဆောင်စေရန် အာမခံနိုင်ရေး တို့သည် နိုင်ငံအာဏာပိုင်များ၏ တာဝန်ဖြစ်ပါသည်။
- စခန်းတွင်နေထိုင်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ထမ်းများ၏ လုံခြုံရေးတို့သည် စခန်းစီမံခန့်ခွဲရေး ၏ အရေးပါသော အစိတ်အပိုင်း ဖြစ်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မိမိ၏ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးအတွက် တာဝန်ရှိပြီး စခန်းအတွင်း လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု (အစည်းအဝေးများနှင့် focal point အဖြစ်) အတွက် ပံ့ပိုးပေးရန်တာဝန်ရှိပါသည်။ သို့သော်အခြေအနေများမှာ လျင်မြန်စွာပြောင်းလဲနိုင်သောကြောင့် စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေကြသော အခြားအေဂျင်စီများသည်လည်း လုံခြုံရေး သတိရှိနေပြီး မိမိတို့ကိုယ်တိုင်၏ ဘေးကင်းလုံခြုံရေးကို တာဝန်ယူကြရပါမည်။
- စခန်းများအတွင်းအဖြစ်များသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများတွင် လူထုအုံကြွမှု၊ မှုခင်းအသေးစားများနှင့် ကြိုတင်ကြံစည်သည့် မှုခင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ၊ မတော်တဆ ထိခိုက်မှုများနှင့် ရောဂါဘယများ၊ လက်နက်ကိုင် ပဋိပက္ခများ၊ အထူးသဖြင့် စခန်းများကို စစ်တပ်ပုံစံသွင်းခြင်း နှင့် အကြမ်း ဖက်မှု လုပ်ရပ်များ၊ စသည်တို့ပါဝင်ကြပါသည်။
- ဝန်ထမ်းများနှင့် စခန်းတွင်နေထိုင်သူများသည် ခြိမ်းခြောက်မှုပုံစံ အမျိုးမျိုးကြောင့် အန္တရာယ်ကျရောက်လွယ်ပါသည်။ ဤအချက်ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများနှင့် စခန်းလူထု နှစ်ရပ်စလုံးအတွက် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် နည်းဗျူဟာများရေးဆွဲခြင်းတို့တွင် ထည့်သွင်းစဉ်းစားရပါမည်။
- စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများသည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်း တက်ရောက် ထားပြီး ဖြစ်ရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုပ်ငန်းခွင်ဆက်စပ်အခြေအနေ၊ ပါဝင်လုပ်ဆောင်နေသူများ၊ ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များ၊ စခန်းတွင်းနှင့် ပတ်ဝန်းကျင်အခြေအနေ မည်သို့ပြောင်းလဲ ဖြစ်ပေါ်လာနိုင်သည် စသည်တို့အတွက် အသိ ပညာများ ရှိထားရန်လိုအပ်ပါသည်။ ဤသို့ နားလည်မှု ရှိနေခြင်းက လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စနစ်ကျ၍ ထိရောက်သော နည်းလမ်းတစ်ရပ် ရရှိစေနိုင်မည်ဖြစ်ပါသည်။
- စခန်းလူထုနှင့် ဒေသခံရပ်ရွာလူထု အပါအဝင် ပါဝင်ပတ်သက်သူအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေး ရှိနေစေရန် အရေးကြီးပါသည်။ ဤသို့ရှိခြင်းက စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား လုံခြုံရေးကိစ္စရပ်များနှင့် ဘေးအန္တရာယ်များအကြောင်း သတင်း အချက်အလက်များ ရရှိရန် ကူညီထောက်ကူပေးပါလိမ့်မည်။
- ကြိုတင်သတိပေးခြင်းနှင့် ထိရောက်သော ဆက်သွယ်ရေးစနစ်များသည် စောင့်ကြည့်ကြီးကြပ်ရန်၊ ဆက်သွယ်ဆောင်ရွက်ရန်နှင့် အခြေအနေကို သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဆောင်ရွက်ရန် အဓိကကျပါသည်။ လျော့ပါးသက်သာစေရန် ဆောင်ရွက်မှု များသည် ဖြစ်စဉ်တစ်ရပ်၏ သက်ရောက်နိုင်မှုကို တားဆီးကာကွယ်နိုင်သည် သို့မဟုတ် လျော့နည်းစေနိုင်ပါသည်။
- စခန်းအတွင်း စီမံခန့်ခွဲရေးနှင့် လုပ်ငန်းလည်ပတ်ရေးတွင် ပါဝင်လုပ်ဆောင်နေသူများ၏ လုံခြုံရေးကို သေချာအောင် ဆောင်ရွက် ခြင်းဖြင့် ယိုယွင်းနေသော လုံခြုံရေးပတ်ဝန်းကျင်တွင် ဆောင်ရွက်ပေးနေသော ဝန်ဆောင် မှုများသည် ပိုမို၍ ရေရှည်တည်တန့်ပြီး အရည်အသွေးပိုမို ကောင်းမွန်လာမည် ဖြစ်ပါသည်။

## မိတ်ဆက်

နိုင်ငံအစိုးရများသည် ၎င်းတို့၏ပိုင်နက်နယ်မြေများအတွင်း ရှိနေသူအားလုံးကို သူတို့၏အခြေအနေ အဆင့်အတန်း ကြောင့် ခွဲခြားမှုမရှိစေဘဲ၊ ဒုက္ခသည်များဖြစ်စေ၊ ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများဖြစ်စေ သို့မဟုတ် ဒေသခံရပ်ရွာလူထု အတွင်းမှ ပုဂ္ဂိုလ်များဖြစ်စေ ကာကွယ်စောင့်ရှောက်ရန်နှင့် အများပြည်သူ စည်းကမ်းလိုက်နာမှု ရှိစေရေးနှင့် ခြိမ်းခြောက်မှု များမှ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် အပြည့်အဝတာဝန်ရှိပါသည်။ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု လုပ်ဆောင်သူ

များသည် နိုင်ငံအာဏာပိုင်အဖွဲ့အား ထိရောက်သော လုံခြုံမှုပေးရေးတာဝန်ကို ဆောင်ရွက်ပေးရန် အသိပေး ရှင်းလင်းဆွေးနွေး တင်ပြကြရပါမည်။ သူတို့တွင် ခြိမ်းခြောက်မှုများနှင့် တွေ့ကြုံရခြင်း လျော့နည်းစေရန်အတွက် ကာကွယ်စောင့် ရှောက်ပေးရန်နှင့် ရွှေ့ပြောင်းနေထိုင်ရစေသည့် မူလအကြောင်း ရင်းကြောင့် ကြီးမားစွာ ထိခိုက်မှုများ လျော့နည်းသွားစေရန် တို့အတွက် အရေးပါသော တာဝန်လည်း ရှိပါသည်။

အသက်အန္တရာယ်၊ လွတ်လပ်မှုနှင့်လုံခြုံရေးတို့ကို ခြိမ်းခြောက်မှုများသည် များသောအားဖြင့် ပြည်သူလူထုထွက်ပြေး တိမ်းရှောင်သည့် အကြောင်းရင်းများဖြစ်ကြသော်လည်း ထိုကဲ့သို့သော ခြိမ်းခြောက်မှုများသည် သူတို့ထွက်ပြေးတိမ်းရှောင် လာပြီးနောက်ပိုင်း၌ ရပ်တန့်သွားလေ့မရှိဘဲ များသောအားဖြင့် ရွှေ့ပြောင်းနေထိုင်ရခြင်းသံသရာစက်ပိုင်း၏ အဆင့်အားလုံးတွင် သူတို့နှင့်အတူ ဆက်လက်လိုက်ပါလာတတ်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် မိမိရပ်ရွာလူထု၏သမရိုးကျ အကာအကွယ် ပေးသောပတ်ဝန်းကျင်မှဖယ်ရှားခံရခြင်းတို့သည်ထိုသူများကိုလုံခြုံရေးခြိမ်းခြောက်မှုများဖြင့်ပိုမိုအန္တရာယ်ကျရောက်လွယ်စေသည့် အလားအလာ ရှိလာစေပါသည်။ ထို့ပြင် မိသားစု၏ သမရိုးကျ ရှင်သန်ရပ်တည်မှု နည်းလမ်းများ သည်လည်းကောင်း၊ ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများသည် လည်းကောင်း၊ များသောအားဖြင့် လျော့နည်း ပျောက်ကွယ်သွားမည် ဖြစ်ပါသည်။ ဒေသခံ ရပ်ရွာလူထုက အထူးသဖြင့် အစုလိုက်အပြုံလိုက် ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူများကို ဒေသခံ ရပ်ရွာလူထုအတွင်း အရင်းအမြစ်များ ရှားပါးနေသောအခါ မလုံခြုံမှု အကြောင်းရင်းတစ်ရပ်အဖြစ် သဘောပေါက် ထင်မှတ်ကြပါသည်။

ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအနေနှင့် စခန်းများမှာ ၎င်းတို့ကို ကာကွယ်စောင့်ရှောက်၍ အကူအညီပေးမည့် ဘေးကင်းလုံခြုံရာအရပ်များအဖြစ် သဘောပေါက် ထင်မှတ်ကြပါသည်။ ကံမကောင်း အကြောင်းမလှစွာ စခန်းများသည် ဥပဒေမဲ့ ပတ်ဝန်းကျင်တစ်ရပ်လည်း ဖြစ်နေနိုင်ပြီး အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများကို ဖိတ်ခေါ်နိုင်ပါသည်၊ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများ၏ တိုက်ခိုက်မှုကို ခံရနိုင်ပါသည်။ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအများစုသည် ဤကဲ့သို့သော ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရေးပေါ်တွင် အာရုံစိုက်ရပါမည်။

**အဓိက ဝေါဟာရ**

**လုံခြုံရေး (Security)** ဆိုသည်မှာ "ကာကွယ်စောင့်ရှောက်ရေး" နှင့် "ဘေးအန္တရာယ်ကင်းရှင်းရေး" တို့နှင့် ကွဲပြားခြားနား၍ အေဂျင်စီဝန်ထမ်းကို တမင်ရည်ရွယ်သော ခြိမ်းခြောက်မှုများ သို့မဟုတ် အကြမ်းဖက်မှုလုပ်ရပ်များမှ ကာကွယ်စောင့်ရှောက်ခြင်းကို ရည်ညွှန်းပါသည်။

**ကာကွယ်စောင့်ရှောက်မှု (Protection)** မှာ "ဘေးအန္တရာယ်ကင်းရှင်းရေး" နှင့် "လုံခြုံရေး" တို့နှင့် ကွဲပြားခြားနား၍ အေဂျင်စီဝန်ထမ်းများမှအပ အခြား စစ်မှုထမ်းမဟုတ်သည့်အရပ်သားများအပေါ် အကြမ်းဖက်မှု အန္တရာယ် ကျရောက် နိုင်ခြေကို ရည်ညွှန်းပါသည်။

**ဘေးအန္တရာယ်ကင်းရှင်းရေး (Safty)** မှာ "လုံခြုံရေး" နှင့် "ကာကွယ်ရေးစောင့်ရှောက်ရေး" တို့ နှင့် ကွဲပြားခြားနား၍ လမ်းပေါ် ယာဉ်မတော်တဆ ထိခိုက်မှုများ၊ မီးလောင်ခြင်း၊ ရောဂါဘယနှင့် သဘာဝဘေးအန္တရာယ် ကဲ့သို့သော မတော်တဆထိခိုက်မှု ဘေးအန္တရာယ်များကို ရည်ညွှန်းပါသည်။ များသောအားဖြင့် အန္တရာယ်ပြုရန် ရည်ရွယ်ရင်းမရှိဘဲ စခန်းတွင်းနေသူများနှင့် ဝန်ထမ်းနှစ်မျိုးလုံးနှင့် သက်ဆိုင်ပါသည်။

စခန်းတစ်ခုအတွင်း ဝန်ထမ်းများနှင့်လုပ်သားများသည် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများကဲ့သို့ တူညီသော ခြိမ်းခြောက်မှုများနှင့် ထိတွေ့နိုင်မည် မဟုတ်ပေ။ ပုဂ္ဂိုလ်တစ်ယောက်၏ ကျား/မ၊ အသက်အရွယ်၊ ကျန်းမာရေး၊ ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကားနှင့် လူမှုရေးအဆင့်စသည့် အခြားသော ဝိသေသလက္ခဏာများသည် ခြိမ်းခြောက်မှုတစ်မျိုးချင်း အတွက် သူတို့၏အန္တရာယ်ကျရောက်လွယ်မှုအဆင့်ကို သတ်မှတ်ရာတွင် ကူညီပေးနိုင်သည်။ အဖော်မပါသော ကလေးသူငယ် တစ်ယောက် သည် အတင်းအကျပ် စစ်သားစုဆောင်းခံရမည့် အန္တရာယ် ပိုမိုကျရောက်လွယ်သည့် အလားအလာရှိနေပါသည်။ တိုင်းရင်းမျိုးနွယ်အုပ်စုဝင် တစ်ဦးသည် မတော် မတရားပြုခံရခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်း အန္တရာယ်ပိုမိုကျရောက်နိုင်ခြေရှိ ပါသည်။ နိုင်ငံခြားသား အေဂျင်စီ ဝန်ထမ်းများသည် ပြန်ပေးဆွဲခံရမည့် အန္တရာယ် ပိုမိုကျရောက်လွယ်နိုင်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ သူတို့အလုပ်လုပ်နေသော ဆက်စပ်အခြေအနေအပေါ် သိရှိမှုနှင့် ပါဝင်ပတ်သက်သူများနှင့်

သူတို့၏ ရည်ရွယ်ချက်များအပေါ် နားလည်သဘောပေါက်မှုတို့သည် ဝန်ထမ်းများနှင့် စခန်းတွင်းနေထိုင်သူများအတွက် ခြိမ်းခြောက်မှုများနှင့် အန္တရာယ်ရှိမှုအဆင့်များကို ဖော်ထုတ်သတ်မှတ်ပေးမည့် အန္တရာယ် ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ် လုပ်ဆောင်ရန် အဓိကကျသော အစပြုမှုတစ်ရပ်ဖြစ်ပါသည်။

အန္တရာယ်လျော့ချရေး လုပ်ငန်းစဉ် ရှိထားပါက ဝန်ထမ်းများနှင့် လုပ်သားများ စခန်းအတွင်း ရှိနေနိုင်ရန် ထိန်းသိမ်းသွားနိုင်ပါလိမ့်မည်။ ဤအချက်က တဖန် စခန်းလူထု အန္တရာယ်ကင်းရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အပေါ် အပေါင်းလက္ခဏာ သက်ရောက်မှုပေးပါမည်။ သက်ဆိုင်ရာလူထုထံ လက်လှမ်းမီရောက်ရှိနိုင်မှု လျော့နည်းခြင်းသည် သူတို့အတွက် လိုအပ်သော ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီကို ငြင်းပယ်ခံရသောကြောင့် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေရာချထားခံရသူများအတွက် နောက်ထပ်အန္တရာယ်များ ဖန်တီးပေးနိုင်ပါသည်။

အိမ်ရှင်အစိုးရက ပေးထားသောလုံခြုံရေးအပြင် အေဂျင်စီအားလုံးသည် မိမိတို့၏ကိုယ်ပိုင် ဝန်ထမ်းလုံခြုံရေး စည်းမျဉ်း များနှင့် စံပြုလုပ်ထုံးလုပ်နည်းများ ထားရှိရပါမည်။ ဝန်ထမ်းအားလုံးကို စံပြုလုပ်ထုံးလုပ်နည်းများ သင်တန်းပို့ချ လေ့ကျင့်ပေးရပါမည်။ လုံခြုံရေးနှင့် ကယ်ထုတ်ထွက်ခွာရေး လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များကို စခန်းအတွင်း လုပ်ငန်း လုပ်ဆောင်နေသော အဖွဲ့အစည်း အသီးသီးနှင့် ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့သော သက်ဆိုင်ရာ အမျိုးသားလုံခြုံရေး အေဂျင်စီများနှင့်အတူ ညှိနှိုင်းဆောင်ရွက်ရန် သေချာစွာ စီမံထားရပါမည်။

**လုံခြုံရေး ဝေါဟာရများ အဓိပ္ပါယ်သတ်မှတ်ချက်**

**ခြိမ်းခြောက်မှု (Threat)** စခန်းလူထု၊ စခန်းဝန်ထမ်းများ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သို့မဟုတ် ပစ္စည်းဥစ္စာများအတွက် အန္တရာယ်ရှိခြင်း၊

**ထိခိုက်လွယ်ခြင်း (Vulnerability)** ခြိမ်းခြောက်မှုတစ်ခုနှင့် ထိတွေ့နိုင်သည့် သို့မဟုတ် တွန်းလှန်နိုင်သည့် အနေအထားအဆင့်

**သက်ရောက်မှု (Impact)** ဖေါ်ထုတ်တွေ့ရှိရသည့် ခြိမ်းခြောက်မှုတစ်ခုကြောင့် ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုအဆင့်

**ဖြစ်နိုင်ခြေ (Likelihood)** ခြိမ်းခြောက်မှုတစ်ခု ဖြစ်ပွားနိုင်သည့် ဖြစ်နိုင်ခြေ

**အန္တရာယ်ကျရောက်နိုင်ခြေ (Risk)** ခြိမ်းခြောက်မှုတစ်ခုတွေ့ကြုံနိုင်သည့် ဖြစ်နိုင်ခြေနှင့် ၎င်းကြောင့်ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှု အဆင့် (အန္တရာယ်ကျရောက်နိုင်ခြေ = သက်ရောက်မှု x ဖြစ်နိုင်ခြေ)

လုံခြုံရေး ဆိုသည်မှာ ဖေါ်ထုတ်တွေ့ရှိထားသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော အန္တရာယ်ကျရောက်နိုင်ခြေများနှင့် ဆက်နွယ်၍ ဝန်ထမ်းများ၏ လုပ်ဆောင်မှုများကို စီမံခန့်ခွဲခြင်းဖြစ်သည်။

ဤအခန်းတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ကနဦးလုံခြုံရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ် ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အဆင့်များကို ဖော်ပြထားပါသည်။ ဤဆန်းစစ်သုံးသပ်ခြင်းတွင် စခန်းတွင်းနေထိုင်သူ များရော စခန်းစီမံခန့်ခွဲမှုအေဂျင်စီပါ ရင်ဆိုင်နေရသည့် ဘေးအန္တရာယ်များကို အလေးထားဖော်ပြပေးရမည်ဖြစ်ပြီး စခန်းထူထောင်ရေးနှင့် သက်ဆိုင်သော ထည့်သွင်းစဉ်းစားရမည့်အချက်များ ပါဝင်ပါမည်။

ခြိမ်းခြောက်မှုတွင် အဓိကအမျိုးအစား ငါးမျိုးရှိပြီး၊ လူထုဆူပူမှု၊ ပြစ်မှု၊ ဘေးအန္တရာယ်များ၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်ခြင်းတို့ ဖြစ်ကြပါသည်။ ၎င်းတို့သည် သဘာဝအားဖြင့် အပြန်အလှန် ဆက်နွယ်နေကြပါသည်။ ခြိမ်းခြောက်မှုတစ်ရပ်ကို ဖော်ထုတ်သတ်မှတ်၍သက်ရောက်မှုများ လျော့နည်းစေရန် လုပ်ငန်းများစီမံဆောင်ရွက်ခြင်း သည်အခြားအမျိုးအစားအားလုံးအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။ ဤခြိမ်းခြောက်မှုများကို အောက်ပါ အတိုင်း အဓိပ္ပါယ်ဖော်ထုတ်သတ်မှတ်နိုင်ပါသည်။

➔ **လူထုဆူပူမှု။** ။ ခြိမ်းခြောက်မှုများသည် ဒုက္ခသည်များအတွင်း၌ သော်လည်းကောင်း၊ ပြည်တွင်း ရွှေ့ပြောင်း နေထိုင်ရသူများ အတွင်း၌ သော်လည်းကောင်း၊ အုပ်စုလိုက် သို့မဟုတ် အုပ်စုအတွင်းတွင် တင်းမာမှု၏ ရလဒ်အဖြစ် ပေါ်ပေါက်လာနိုင်ပါသည်။ ၎င်းတို့သည် မျိုးနွယ်အုပ်စု နှင့်/ သို့မဟုတ် ဘာသာရေး ရပ်တည်ချက်များကြားတွင် သော်လည်းကောင်း၊ ဒုက္ခသည်များ/ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများနှင့် ဒေသခံလူထုများ အကြားတွင် သော်လည်းကောင်း ဖြစ်ပေါ်နိုင်ပါသည်။ ဤတင်းမာမှုများသည် မြေယာ၊ ရေနှင့် ထင်း ကဲ့သို့သော ရှားပါးသည့် အရင်းအမြစ်များအတွက် ပြိုင်ဆိုင်မှုများကြောင့် ပေါ်ပေါက်လာ နိုင်ပါသည်။ စခန်းတွင်း နေထိုင်သူများက အကူအညီများ ဖြန့်ဖြူးပေးခြင်း မတိုင်မီ သူတို့ကို သတင်း အချက်အလက် အလုံအလောက် မပေးခဲ့ဟု မှတ်ထင်ယူဆမှုများ၊ အကူအညီများစွာကို မျှော်လင့်ထားမှုများ ရှိပါက တင်းမာမှုများသည်

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဆောင်ရွက်နေသူ အုပ်စုများဆီသို့ ဦးတည်လာ နိုင်ပါသည်။

- **ပြစ်မှုကျူးလွန်ခြင်းများ** ။ ။ တရားဥဒေစိုးမိုးမှု ပျက်သုဉ်းသွားမှု၏ ရလဒ်အဖြစ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ် လာပြီး တစ်ဦးချင်းနှင့် အုပ်စုလိုက် ပြစ်မှုများ ပါဝင်နိုင်ပါသည်။ ထိုခြိမ်းခြောက်မှုများတွင် ထိခိုက်ဒဏ်ရာရရှိ နိုင်ခြင်း၊ သေဆုံးနိုင်ခြင်း၊ ကိုယ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် ဆုံးရှုံးမှု ဒုက္ခ စသည် တို့ ဖြစ်လာစေနိုင်သည့် ကိုယ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ သို့မဟုတ် အခြား ဘေးအန္တရာယ် သို့မဟုတ် ဆင်းရဲဒုက္ခ ခံစားရနိုင်စေခြင်း စသည်တို့ ပါဝင်ကြပါသည်။
- **ဘေးအန္တရာယ်များ**။ ။ ဘေးအန္တရာယ်များအဖြစ် အမျိုးအစားသတ်မှတ်သော ခြိမ်းခြောက်မှုများတွင် များသောအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု မရှိခြင်း သို့မဟုတ် သဘာဝအခြေအနေနှင့် ဆက်နွယ်ပါသည်။ ဘေးအန္တရာယ်အနေနှင့် ခြိမ်းခြောက်မှုတွင် အန္တရာယ်ပြုရန် ရည်ရွယ်ချက်မရှိပါ။ ဤစာအုပ်မှ ရည်ရွယ် ဖော်ပြလိုသော ဘေးအန္တရာယ်များမှာ များသောအားဖြင့်မီးလောင်မှုနှင့်ရောဂါဘယတို့ဖြစ်ကြပါသည်။ဤခြိမ်းခြောက်မှုများအတွက်စီမံခန့်ခွဲမှုကိုအခြားအခန်းများတွင် ထည့်သွင်းဖော်ပြထားပါသည်။ မြေပြိုခြင်းများ နှင့် ရေကြီးခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၊ စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းများ ကဲ့သို့သော လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကိုပါ စခန်းတစ်ခု တည်ဆောက်ရာတွင် ထည့်သွင်း စဉ်းစားရပါမည်။ ဤခြိမ်းခြောက်မှုများအကြောင်းကိုလည်း အခြားအခန်းများတွင် ဖော်ပြထားပါသည်။ မြေငလျင်များနှင့် မီးတောင်ပေါက်ကွဲခြင်း ကဲ့သို့သော ပိုမိုပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ထည့်သွင်း စဉ်းစားနိုင်သော်လည်း ကြိုတင်ရှောင်ရှား၍မရနိုင်ပါ။ ၎င်းတို့ကို မည်ကဲ့သို့ ရပ်တည် ဖြေရှင်းဆောင်ရွက် ရမည်ကိုသာ စဉ်းစားထားရပါမည်။

**ရပ်ရွာလူထု အခြေပြု အရေးပေါ်အစီအမံ**

သဘာဝ၊ သို့မဟုတ် စက်မှုဘေးအန္တရာယ် ဖြစ်ပေါ်လေ့ရှိသော အရပ်ဒေသများတွင် ရပ်ရွာလူထု အခြေပြု ... အစီအမံများ စီစဉ်ထားရှိရပါမည်။ အစီအမံတွင် ပါဝင်သော အစိတ်အပိုင်းများမှာ အုပ်စုအားလုံးအတွက် အသိရှိရေး စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးခြင်း၊ ဖြစ်နိုင်သည့်နေရာများတွင် အစိုးရ၏ စနစ်များနှင့် ချိတ်ဆက်ထားသော ကြိုတင်သတိပေးစနစ်များ၊ ကယ်ဆယ်ရေး သို့မဟုတ် ခိုလှုံရေး အစီအမံများနှင့် စုရပ်များသတ်မှတ်ခြင်း စသည်တို့ ပါဝင်ကြပါသည်။ အေဂျင်စီများသည်လည်း အရေးပေါ်အတွက် ပစ္စည်းသိုလှောင်ထားရှိခြင်းနှင့် လုပ်ထုံးလုပ်နည်းများဖြင့် အရေးပေါ် အစီအမံများ ထားရှိရပါမည်။

- လက်နက်ကိုင်ပဋိပက္ခ။ ။ လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများ၊ ဥပမာ ပဋိပက္ခတစ်ရပ်တွင် ပါဝင်သောအဖွဲ့များဖြစ်သည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အုပ်စုများ၏ အုပ်စိုးမှု အတွင်း သို့မဟုတ် လုပ်ဆောင်မှုများကြောင့် ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများ။
- အကြမ်းဖက်ခြင်း လုပ်ရပ်များ။ ။ ၎င်းတို့ကို များသောအားဖြင့် အုပ်စုများက အရပ်သား သို့မဟုတ် အခြား လက်နက်ကိုင် တိုက်ခိုက်နေသူများမဟုတ်သည့် ပစ်မှတ်များကို ဦးတည်လုပ်ဆောင်သည့် အကြမ်းဖက် လုပ်ရပ်များအဖြစ် နားလည် သဘောပေါက်ကြပါသည်။ အကြမ်းဖက်ခြင်း ဖြစ်လာနိုင်ခြေရှိသော ညွှန်းပြချက်များသည် လက်နက်ကိုင်ပဋိပက္ခများ၊ ပြစ်မှုများအတွက် ညွှန်းပြချက်များနှင့် ကွဲပြားခြားနားသောကြောင့် လုံခြုံရေးအန္တရာယ် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်အတွင်း လုံခြုံရေး focal point/ လုံခြုံရေး အကြံပေး အရာရှိသည် အကြမ်းဖက်ခြင်း ဖြစ်လာနိုင်ခြေ ထည့်သွင်းစဉ်းစားသင့်ပါသည်။

ဤအမျိုးမျိုးသော ခြိမ်းခြောက်မှုများကို အောက်တွင်ဖော်ပြထားပြီး၊ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် စခန်းတွင်းနေထိုင်သူများအား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အကြံပြုချက်များကိုလည်း ထည့်သွင်းထားပါသည်။ ဤအကြံပြုချက် များသည် ပြီးပြည့်စုံခြင်းမရှိသည်ကို မှတ်သားထားရပါမည်။ ဆင်ခြင်ဉာဏ်နှင့် တွဲဖက်သော အတွေ့အကြုံတို့က များသောအားဖြင့် လုပ်ဆောင်ရမည့် လမ်းကြောင်းကို ညွှန်ပြပါလိမ့်မည်။

ဤအခန်းတွင် လက်ခံခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ခြိမ်းခြောက်ဟန့်တားခြင်း ကဲ့သို့သော လုံခြုံရေးနည်းလမ်းများနှင့်တကွ၊ ဆေးဖက်ဆိုင်ရာနှင့် ကယ်ဆယ်ထွက်ခွာရေး အစီအမံများပြုစုရေးနှင့် သက်ဆိုင်သော ထည့်သွင်း စဉ်းစားရမည့် အချက်များပါဝင်ပါသည်။ ပိုမိုများပြားသော အသေးစိတ်များကို ဤအခန်းအဆုံးတွင် ဖော်ပြထားသည့် ရည်ညွှန်းချက်များတွင် ကြည့်ရှုနိုင်ပါသည်။

## အဓိကအရေးကိစ္စများ

## လုံခြုံရေးအတွက် စီမံခန့်ခွဲမှု တာဝန်များ

ရှေ့တွင်ဖော်ပြပြီးခဲ့သည့်အတိုင်း လူသားချင်းစာနာမှုလုပ်ဆောင်သူများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ လုံခြုံရေးသည် နိုင်ငံအစိုးရ၏ တာဝန်ဖြစ်ပါသည်။ သို့သော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူထုဆူပူမှု၊ ပြစ်မှု၊ ဘေးအန္တရာယ်များ၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်ခြင်းကဲ့သို့သော ခြိမ်းခြောက်မှုများ တည်ရှိနေမှု အပါအဝင် စခန်းအတွင်း နေ့စဉ်ဘဝ၏ ရှုထောင့်အားလုံးနှင့် ဆိုင်သော အသိအမြင်ရှိနေရပါမည်။ စီမံခန့်ခွဲမှုအေဂျင်စီသည် စခန်း၏လုံခြုံရေး အခြေအနေ ယိုယွင်း ပျက်စီးသွားစေမည့် စနက်များကို နားလည်သဘောပေါက်ရန် လိုအပ်ပြီး၊ ဤကဲ့သို့သော ယိုယွင်းပျက်စီးစေခြင်းကို တားဆီး ကာကွယ်နိုင်သည့် အရေးယူဆောင်ရွက်မှုများ နှင့် မူဝါဒများကို အကောင်အထည် ဖော်နိုင်သည့် အနေအထားတွင် ရှိရပါမည်။ စခန်းအခြေအနေ ယိုယွင်းပျက်စီးသွားနိုင်သည့် အလားအလာအတွက် အရေးပေါ် အစီအမံများကို ပြင်ဆင်ထားရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်များကို တုံ့ပြန်ရန် တာဝန်အပ်နှင်းထားသော ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများကို ထောက်ပံ့ကူညီပေးရမည့် ကဏ္ဍမှ ပါဝင်ပါသည်။

များသောအားဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုပ်ငန်းခွင်အတွင်းရှိ လုံခြုံရေး ညှိနှိုင်းဆောင်ရွက်မှု လုပ်ဆောင်သူများနှင့်အတူ သဘောတူညီထားသော စံပြုလုပ်ထုံးလုပ်နည်းများ တစ်ရပ်ကိုပြုစုထား ရှိပြီးဖြစ်နေနိုင်ပါသည်။ ၎င်းတို့ တွင် နိုင်ငံအာဏာပိုင်အဖွဲ့များ၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (UNOCHA)၊ စခန်းညှိနှိုင်းးဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM) အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အဖွဲ့ သို့မဟုတ် ဖွဲ့စည်းထားသော နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း၏ လုံခြုံရေးဖိုရမ် စသည်တို့ ပါဝင်နိုင်ပါသည်။

- ညှိနှိုင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးဆိုင်ရာနောက်ထပ် သတင်းအချက်အလက်များကို -အခန်း (၄) ညှိနှိုင်းဆောင်ရွက်ရေး နှင့် အခန်း (၅) သတင်းအချက်အလက် စီမံခန့်ခွဲရေး - တွင်ကြည့်ပါ။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့အတွက် သေချာအောင် ဆောင်ရွက်ရပါမည်။ သို့မဟုတ် အသိပေး ရှင်းလင်း ဆွေးနွေးတင်ပြရပါမည်။

- ➔ လုံခြုံရေးဆိုင်ရာ အန္တရာယ်ဆန်းစစ်သုံးသပ်ခြင်း လုပ်ဆောင်ရန် နှင့် စဉ်ဆက်မပြတ် စီစစ်သုံးသပ်ရန် တို့ အတွက် လုံခြုံရေး ညှိနှိုင်းဆက်သွယ်ရေးမှူး (focal point) တစ်ဦး (လုံခြုံရေးကျွမ်းကျင်သူ သို့မဟုတ် အကြံပေးအရာရှိက ကူညီပေးမည်) အဆိုပြုတင်ပြခြင်း။ ၎င်းက သက်ဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ် သတ်မှတ်ပေးပြီး လုံခြုံရေးနည်းဗျူဟာများ ရွေးချယ်ခြင်းနှင့် သီးသန့် စံပြုလုပ်ထုံးလုပ်နည်းများနှင့် အန္တရာယ် များ လျော့နည်းသက်သာစေရန် အရေးပေါ်အစီအမံများ ပြုစုရေးတို့ကို လမ်းညွှန်ပေးပါမည်။ အန္တရာယ် မြင့်မားသော နောက်ခံအခြေအနေများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုံခြုံရေးတာဝန်ကို တာဝန်ယူ ဆောင်ရွက်မည့် (focal point) ဝန်ထမ်းခန့်ထားရန် စဉ်းစားနိုင်ပါသည်။

### လုံခြုံရေးအန္တရာယ်ကို ဆန်းစစ်သုံးသပ်ခြင်း

လုံခြုံရေးအန္တရာယ် ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

၁။ ဆက်စပ် နောက်ခံအခြေအနေ ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ် ပါဝင်ရပါမည်။

၂။ ခြိမ်းခြောက်မှုများအား ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ် ပါဝင်ရပါမည်။

၃။ အကူအညီပေးရေး လုပ်သားများ၊ လုပ်ငန်းလုပ်ဆောင်သူများနှင့် စခန်းတွင်း နေထိုင်သူများအပေါ် သက်ရောက်နိုင်မှု အလားအလာကို ဖော်ထုတ်သတ်မှတ်ရပါမည်။

၄။ အကူအညီပေးရေးလုပ်သားများနှင့် စခန်းတွင်း နေထိုင်သူများတွင် အန္တရာယ်ကျရောက်လွယ်နိုင်သည့် ဖြစ်လာနိုင်ခြေ ရှိသော ခြိမ်းခြောက်မှုအားလုံးကို ဆန်းစစ်သုံးသပ်ရပါမည်။

၅။ အကူအညီပေးရေးလုပ်သားများနှင့် စခန်းတွင်းနေထိုင်သူများအတွက် အန္တရာယ်အဆင့်ကို ဆန်းစစ်သုံးသပ်ရပါမည်။

၆။ အန္တရာယ်လျော့ချရန် နိုင်ငံအစိုးရ၏ အရည်အသွေးအပါအဝင် လက်ရှိ နှင့် အလားအလာရှိသော အန္တရာယ် လျော့ချရေး အရေးယူဆောင်ရွက်မှုများကို ဖော်ထုတ်သတ်မှတ်ရမည်။

၇။ အန္တရာယ်အဆင့် လျော့ချရန် နောက်ထပ်လိုအပ်သော အန္တရာယ်လျော့ချရေး အရေးယူဆောင်ရွက်မှုများကို ထောက်ခံအကြံပြုရပါမည်။

☛ လုံခြုံရေးဆိုင်ရာ အန္တရာယ်ဆန်းစစ်သုံးသပ်ခြင်းအတွက် နောက်ထပ်အချက်အလက်များကို ဤအခန်း၏ နည်းလမ်းအထောက်အကူများ အပိုင်း၌ ပါဝင်သည့်ပုံစံ template တွင်ကြည့်ပါ။

➔ အန္တရာယ်ဆန်းစစ်သုံးသပ်ခြင်း လုပ်ဆောင်ပြီးနောက်၊ စခန်း၏ ဒီဇိုင်းနှင့်နေရာ၊ ဖွဲ့စည်းပုံ နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီမှု အပါအဝင် ကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးလိုအပ်ချက် များကို ဖြစ်နိုင်သည့်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားရပါမည်။

ထည့်သွင်းစဉ်းစားရန် အချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

၁. လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အခြား အကြမ်းဖက်မှု မူလဖြစ်ပွားသောနေရာများမှ အကွာအဝေး၊
၂. ရေကြီးခြင်း၊ မြေပြိုခြင်း သို့မဟုတ် မီးတောင်ပေါက်ကွဲခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့် တည်နေရာဆက်စပ်မှု
၃. ထည့်သွင်းစဉ်းစားထားသည့် အရပ်ဒေသအတွင်းရှိ မှုခင်းအခြေအနေ
၄. စခန်း၏ အရွယ်အစား
၅. မိသားစုအတွက် နေရာဖွဲ့စည်းပုံတွင် ရပ်ရွာလူထု ပါဝင်ဆောင်ရွက်မှု
၆. မိသားစုတစ်စုချင်းအလိုက် လုံလောက်သောနေရာ ခွဲဝေပေးခြင်း
၇. အစားအစာ၊ ရေနှင့် ထင်းကဲ့သို့သော အရင်းအမြစ်များအား ဘေးကင်းလုံခြုံစွာ လက်လှမ်းမီ ရယူနိုင်မှု
၈. ရဲတပ်ဖွဲ့၊ စခန်းစီမံခန့်ခွဲရေးရုံးများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် နေရာများ (အိမ်သာ)၊ ကျောင်းများ၊ ဈေးများနှင့် အများပြည်သူစုဝေးရာဌာနများ ကဲ့သို့သော ဝန်ဆောင်မှု ပေးရာနေရာ / ဌာနများ
၉. လုံခြုံရေးအတွက် မီးထွန်းပေးခြင်း
၁၀. ကလေးသူငယ်များအတွက် နေရာဌာနများ ထူထောင်ပေးခြင်း

➔ လုံလောက်၍ သာတူညီမျှသော ကယ်ဆယ်ရေး အကူအညီပေးခြင်းအတွက် စီမံထားရှိရပါမည်။ ၎င်းက ပြစ်မှု၊ အကြမ်းဖက်မှုနှင့် မတော်မတရားပြုမှုတို့နှင့် တွေ့ကြုံနိုင်မှုကို လျော့ချနိုင်ပါသည်။ သို့မဟုတ် ၎င်းတို့ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့နည်းစေပါသည်။ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရာတွင် သီးသန့်လိုအပ်ချက်ရှိသူများနှင့် ဒေသခံရပ်ရွာလူထု၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရပါမည်။ ထိုကဲ့သို့ သော အရေးယူဆောင်ရွက်မှုများသည် မှုခင်းအန္တရာယ်များကို လျော့ချနိုင်သော်လည်း၊ ၎င်းတို့က စခန်းကို လက်နက်ကိုင်အုပ်စုများအတွက် စိတ်ဝင်စားစရာ နေရာဖြစ်စေသည်ကို သိရှိထားရန် အရေးကြီးပါသည်။

➔ မှုခင်း၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များအတွက် သတင်းပို့တိုင်ကြားခြင်းစနစ်များကို လုံခြုံရေးညှိနှိုင်းဆောင်သူများ၏ လမ်းညွှန်မှုအောက်တွင် ထူထောင်ထားရှိရပါမည်။ ထိုကဲ့သို့သော စနစ်များ ကို မည်သည့်အချိန်တွင် မည်သို့ လက်လှမ်းမီအသုံးပြုနိုင်သည်ကို ဆီလျော်၍ နားလည်လွယ်သော သတင်း အချက်အလက်များ ပေးထားရပါမည်။ ညွှန်းပို့ခြင်းစနစ်သည် ဖြစ်စဉ်သတင်းအချက်အလက်များကို သက်ဆိုင်ရာအေဂျင်စီများက မှန်ကန်စွာ မှတ်တမ်းတင်ပြီး ညှိနှိုင်းဆောင်ရွက်ကာ ဆက်လက်အရေးယူ ဆောင်ရွက်ပေးကြောင်း သေချာစေရပါမည်။ လျှို့ဝှက်ထားရှိရမည့် ကိစ္စရပ်များကို အလေးထားပေးရပါမည်။

➔ ကယ်ဆယ်ရေးပစ္စည်း ဖြန့်ဖြူးရေးကော်မီတီများ အပါအဝင် ရပ်ရွာလူထုအုပ်စုများသည် ခွဲခြားဆက်ဆံခြင်း မရှိဘဲ ပါဝင်လုပ်ဆောင်ကြပြီး အထူးသဖြင့် အမျိုးသမီးများနှင့် သီးခြားလိုအပ်ချက်ရှိသည့် အခြားအုပ်စုများမှ ပုဂ္ဂိုလ်များ ပါဝင်၍ ကျယ်ပြန့်စွာကိုယ်စားပြုရပါမည်။ ပညာရေး သို့မဟုတ် အသက်မွေးသင်တန်းနှင့် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် အားကစား လုပ်ရှားမှုများတွင် ရပ်ရွာလူထုပါဝင်မှု သေချာစေရန် ဖြစ်နိုင်သော ကြိုးပမ်းမှုအားလုံးကို လုပ်ဆောင်ကြရပါမည်။ ၎င်းသည်

အန္တရာယ်နှင့် ထိတွေ့နိုင်မှုကို လျော့နည်းစေရုံသာမက မတတ်သာ၍ အကြမ်းဖက်ရခြင်းများ ဖြစ်ပေါ်နိုင်သည့် အခွင့်အလမ်းများကိုလည်း လျော့ချပေးပြီး ပုဂ္ဂိုလ်တစ်ဦးချင်းကို အကြမ်းဖက်မှု၏ ထိခိုက်မှုများမှ ပြန်လည်ထူထောင်နိုင်ရန် ကူညီပေး၍ အသက်မွေး ဝမ်းကျောင်းမှုများကိုလည်း အထောက်အကူ ပြုပါသည်။

## ခြိမ်းခြောက်မှုများအား အသေးစိတ်ဖော်ပြချက်

လုံခြုံရေးအန္တရာယ် ဆန်းစစ်သုံးသပ်ခြင်းက အဓိက ခြိမ်းခြောက်မှု အမျိုးအစား ငါးမျိုးက စခန်းတစ်ခုအတွင်း လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး တို့အပေါ်တွင် မည်သို့သက်ရောက်နိုင်သည်ကို ဖော်ထုတ်သတ်မှတ်ပါသည်။ ဤအခန်းတွင် အဖြစ်များသော ခြိမ်းခြောက်မှုများကိုသာ အထူးပြု ဖော်ပြထား၍ ဖြစ်နိုင်သော ခြိမ်းခြောက်မှုအားလုံးနှင့် သူတို့၏ အမျိုးကွဲများ၏ ပြီးပြည့်စုံသော စာရင်းတစ်ရပ်ကို ဖော်ပြမထားပါ။

### လူထုအတွင်း ဆူပူအုံကြွမှု

အန္တရာယ် ဆန်းစစ်သုံးသပ်ခြင်းတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ရှင်းလင်းဖော်ပြရာတွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းနှင့် အထိကရုန်း များကဲ့သို့သော လူထု ဆူပူအုံကြွမှုကို ဦးတည် နိုင်သည့် အညွှန်းများနှင့် စနက်များ အများအပြားကို ထည့်သွင်းစဉ်းစားရပါမည်။ ၎င်းတို့တွင် စခန်းတွင်းနေသူများနှင့် ဒေသခံ ရပ်ရွာလူထုအကြား ပဋိပက္ခ၊ စခန်းတွင်းနေထိုင်သူများအတွင်း တိုင်းရင်းမျိုးနွယ်စု သို့မဟုတ် ဘာသာရေး ပဋိပက္ခများ၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ရပ်ဆိုင်းလိုက်ခြင်း၊ နိုင်ငံရေးဖြစ်ရပ်များနှင့် အထွေထွေ ဆူပူမှု စသည်တို့ ပါဝင် ကြပါသည်။

### ဒေသခံ ရပ်ရွာလူထု ဆက်ဆံရေးများ

အတင်းအကျပ် ရွှေ့ပြောင်းနေထိုင်စေသည့် အခြေအနေအများအပြားတွင် ပတ်ဝန်းကျင် ဒေသခံ ရပ်ရွာလူထုနှင့် စခန်းတွင်းနေထိုင်သူများအကြား ဆက်ဆံရေးသည် မပြေမပြစ်ဖြစ်နိုင်ပြီး အုပ်စုနှစ်ခုစလုံးအတွက် ကာကွယ် စောင့်ရှောက်ရေး ပြဿနာများ ဖြစ်ပေါ်လာနိုင် သို့မဟုတ် ပိုမိုဆိုးဝါးလာစေနိုင်ပါသည်။ ဒေသခံရပ်ရွာလူထု နှင့် ကောင်းမွန်သော ဆက်ဆံရေးက ကာကွယ်စောင့်ရှောက်ရေးပြဿနာများအား လျော့ချရာတွင် အကူအညီပေးပါသည်၊ သို့မဟုတ် ပြဿနာများ ပေါ်ပေါက်ခြင်းကို တားဆီးကာကွယ်ပေးပါသည်။ ဥပမာအားဖြင့် ဒေသခံ ရပ်ရွာလူထုတွင် စခန်းအပေါ် သက်ရောက်မှုရှိနိုင်သည့် အရေးကြီးသတင်းအချက်အလက်များ ရှိနေနိုင်ပါသည်။ သို့မဟုတ် စခန်းတွင်း နေထိုင်သူများကို ရပ်ရွာအတွင်း ထည့်သွင်းပေါင်းစည်းခြင်းကို ကူညီရန် လိုလားနေနိုင်ပါသည်။ ဧည့်ဝတ်ကျေသော ဒေသခံရပ်ရွာလူထုသည် စခန်းတွင်းနေထိုင်သူများ၏ ကောင်းကျိုးချမ်းသာကို အထောက်အကူပြုနိုင်ပြီး သူတို့ အတွက် သိက္ခာရှိသော ဘဝများ ထူထောင်ရာတွင် ကူညီပေးနိုင်ပါသည်။

ထို့ကြောင့် ရပ်ရွာလူထုနှစ်ခုအကြား ကောင်းမွန်သောဆက်ဆံရေးတစ်ရပ်သည် အလွန်ပင် အရေးကြီးလှပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကနဦးကပင် ဒေသခံရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများနှင့်တကွ ပဋိပက္ခဖြစ်ရန် အကြောင်းရင်းမြစ် တစ်စုံတစ်ရာ ရှိမရှိကို အလေးထား ဂရုစိုက်လျက် ကြိုးပမ်းအားထုတ်ရပါမည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ဖြစ်နိုင်သည့်နေရာတိုင်းတွင် အပြန်အလှန်အကျိုးပြုသည့် ဆက်ဆံရေးကို ထိန်းသိမ်းရန် သို့မဟုတ် ပိုမို ကောင်းမွန်စေရန် ကြိုးစားဆောင်ရွက်ရပါမည်။

မျိုးနွယ်စု သို့မဟုတ် လူမျိုးရေး တင်းမာမှုများ၊ သို့မဟုတ် ဒေသခံလူထုဘက်မှ စခန်းတွင်းနေထိုင်သူများ ရောက်ရှိလာခြင်းသည် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မှုခင်းများ တိုးလာခြင်း၊ မလုံခြုံခြင်း သို့မဟုတ် ရောဂါဘယ စသည်တို့ နှင့် တွေ့ကြုံစေသည်ကို ကြောက်ရွံ့ခြင်းအပါအဝင် အကြောင်းရင်း အများအပြားကြောင့် ဒေသခံနှင့် စခန်းတွင်း ရပ်ရွာလူထုများအကြား ပဋိပက္ခ ရှိနေနိုင်ပါသည်။ ဒုက္ခသည်များ သို့မဟုတ် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများ အရေအတွက် အများအပြား ရောက်ရှိလာခြင်းသည် ရှားပါးသော အရင်းအမြစ်များအတွက် အထူးသဖြင့် ဂေးလံသော သို့မဟုတ် ချို့ငဲ့နွမ်းပါးသော အရပ်ဒေသများတွင် ပြိုင်ဆိုင်မှု တိုးပွားလာခြင်းလည်း ဖြစ်နိုင်ပါသည်။ ရေ၊ အစားအစာ၊ စိုက်ပျိုးရေး သို့မဟုတ် စားကျက်မြေ၊ ထင်းအတူ ထင်းစသည်တို့သည် အကန့်အသတ်ဖြင့်သာ ရှိနေနိုင်ပါသည်။ ဒေသခံ ရပ်ရွာထုထုသည် ထိုကဲ့သို့သော အရင်းအမြစ်များအတွက် သူတို့၏ လက်လှမ်းမီရယူနိုင်မှုကို ကာကွယ်စောင့်ရှောက် လို၍ အကြမ်းဖက်မှုကို မလွှဲမရှောင်သာ လုပ်လာနိုင်ပါသည်၊ သို့မဟုတ် နိုင်ငံအာဏာပိုင်အဖွဲ့အား စခန်းတွင်နေသူ များ စခန်းပြင်ပ သွားလာမှုကို ကန့်သတ်ထားရန် အရေးယူဆောင်ရွက်ရေးအတွက်

တောင်းဆိုလာနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်သည်များသောအားဖြင့်ပဋိပက္ခ၏အဓိကအကြောင်းရင်းဖြစ်သဖြင့်စခန်းကြောင့်သို့မဟုတ်စခန်းတွင် နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းကို တားဆီးကာကွယ်ရေး သို့မဟုတ် ကန့်သတ်ထားရေးကို ကနဦးကပင် အလေးထားဂရုစိုက်ရန် လိုအပ်ပါသည်။ ဤသို့ဖြင့် ဒေသခံရပ်ရွာလူထု  အပေါ် ကျရောက်နေသော ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေမည် ဖြစ်ပြီး ရပ်ရွာလူထုနှစ်ခုအကြား တင်းမာမှုလျော့နည်းစေရန် ကူညီပေးပါမည်။

☛ ပတ်ဝန်းကျင်အကြောင်း နောက်ထပ်သတင်းအချက်အလက်ကို - အခန်း (၆) ပတ်ဝန်းကျင် - တွင် ကြည့်ပါ။

## စခန်းတွင်း ဆက်ဆံရေးများ

ပုံမှန်အားဖြင့် သီးခြားနေထိုင်ကြသော ကွဲပြားခြားနားသည့် အုပ်စုများသည် တူညီသော အကြောင်းရင်းများကြောင့် ရွှေ့ပြောင်းနေထိုင်ရပြီး ရုတ်ချည်း အနီးကပ်လျက် နေထိုင်ရသည့် အခြေအနေများ မကြာခဏ တွေ့ရှိရပါသည်။ ပထဝီ အနေအထား ကွဲပြားခြားနားသော အရပ်ဒေသများမှ ရွှေ့ပြောင်းနေထိုင်ရသူများသည် လုံခြုံရာနေရာတစ်ခုတွင် အတူစုလုံ လာနိုင်ကြပါသည်။ ဤလူအုပ်စုများသည် သူတို့၏ လက်ရှိနိုင်ငံသား သို့မဟုတ် မျိုးနွယ်စု ကိုယ်ပိုင်လက္ခဏာကို ကျော်လွန်၍ ကွဲပြားခြားနားမှုများ သို့မဟုတ် တူညီမှုများ ရှိနေနိုင်ပါသည်။ ဘာသာရေး၊ ယုံကြည်မှု၊ လူမှုရေးစံများ သို့မဟုတ် နိုင်ငံရေးအမြင် သဘောထား စသည်တို့ အားလုံးသည် စခန်းတွင်းနေထိုင်ကြသည့် ကွဲပြားခြားနားသော အုပ်စုများအကြား မငြိမ်သက်မှုများ ဖြစ်စေနိုင်သည့် အလားအလာရှိသော တင်းမာမှု၏ အကြောင်းရင်း ဇစ်မြစ်များ ဖြစ်နိုင်ပါသည်။ အထက်တွင် ဖော်ပြထားသည့် အကြောင်းအရာအများအပြားက ဒေသခံရပ်ရွာလူထုနှင့် ဆက်ဆံရေးများကို စခန်းတွင်းဆက်ဆံရေးများအတွက် ဆင့်ပွား လုပ်ဆောင်သွားရန် လိုအပ်သည်နေသည်ကို ညွှန်ပြလျက်ရှိပါသည်။ ထိုကဲ့သို့ မလုပ်ဆောင်နိုင်ပါက ကွဲပြားခြားနားသော နိုင်ငံသားဖြစ်မှု၊ ယုံကြည်မှု နှင့် မျိုးနွယ်စု စသည့် အုပ်စုများ အကြား မငြိမ်သက်မှုများဖြစ်ရန် ဦးတည်သွားနိုင်ပါသည်။

## ဖြန့်ဖြူးရေးလုပ်ငန်း

ကူညီရေးပစ္စည်းများ ဖြန့်ဖြူးရေးသည် အငြင်းပွားဖွယ်ဖြစ်လာနိုင်ပြီး မည်သူက မည်သည့်ပစ္စည်း ရရှိခြင်းက ပြဿနာ တစ်ရပ် ဖြစ်လာနိုင်ပါသည်။ ရက်များစွာ ကြာမြင့်သော ကြီးမားသည့် ဖြန့်ဖြူးမှုများအတွက် ရွှေ့ပြောင်းနေထိုင်ရသူ များ၏ အချို့သောအပိုင်းများက သူတို့ကို ချန်လှပ်ထားခဲ့သည်ဟု စိုးရိမ်ကြောက်ရွံ့စိတ် ဖြစ်စေနိုင်ပါသည်။ ဥပမာ အားဖြင့်၊ အချို့သော ပစ္စည်းများကို အန္တရာယ်ကျရောက်ရန် အလွယ်ဆုံးသူများကိုသာ သို့မဟုတ် အသစ်ရောက်ရှိ လာသူများကိုသာ ဖြန့်ဝေပေးခြင်း မျိုးဖြစ်ပါသည်။ အခြားကိစ္စရပ်များတွင် ဖြန့်ဖြူးခြင်းသည် လူအများ မျှော်လင့်ထား သည်ကို မဖြည့်ဆည်းပေးနိုင်ခြင်းမျိုး ဖြစ်ပါသည်။ ကိစ္စရပ်အားလုံးတွင် မကျေနပ်ချက်များကို ချက်ချင်း ကိုင်တွယ် ဆောင်ရွက်ပေးရပါမည်။

## နိုင်ငံရေး မငြိမ်သက်မှု

စခန်းပတ်ဝန်းကျင်တစ်ခုတွင် အလုပ်လုပ်နေသော ဝန်ထမ်းများသည် စခန်းတွင်းနေထိုင်သူများနှင့် သက်ဆိုင်သော သို့မဟုတ် သက်ဆိုင်သည်ဟု ယူဆရသော နိုင်ငံရေး အဖြစ်အပျက်များကို သတိပြုရပါမည်။ ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲ ရလဒ်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများနှင့် နိုင်ငံရေးကြေငြာစာတမ်းများ စသည်တို့အားလုံးသည် တင်းမာမှုကို အဆင်မြင့်စေရန် လုပ်နိုင်စွမ်း ရှိကြပါသည်။ စခန်းအခြေအနေမှာ များသောအားဖြင့် ခြားနားသော အုပ်စုကွဲများဖြင့် ကိုယ်စားပြုနေကြပြီး၊ ရရှိသော သတင်းအချက်အလက်အပေါ် မမျှော်လင့်စွာတုံ့ပြန်နိုင်ပါသည်၊သို့မဟုတ်အချင်းချင်းလှုံ့ဆော်၍လှုပ်ရှားတောင်းဆိုလာနိုင်ပါသည်။

## အေဂျင်စီဝန်ထမ်းများနှင့် လုပ်သားများရှိနေခြင်း

အေဂျင်စီဝန်ထမ်းများသည် သူတို့အနီးရှိ ရပ်ရွာလူထုနှင့် ယဉ်ကျေးမှုအရ ကွဲပြားခြားနားနေနိုင်ပါသည်၊ သို့မဟုတ် အလွန်ကွဲပြားခြားနားသောပတ်ဝန်းကျင်တစ်ရပ်မှလာရောက်သူများဖြစ်နိုင်ပါသည်။သူတို့ရောက်ရှိနေခြင်းကြောင့်ဒေသခံဒေသန္တရ စီးပွားရေးအပေါ် တစ်စုံတစ်ရာ အကျိုးဆက်များ ရှိလာနိုင်ပါသည်။ ဥပမာအားဖြင့် အေဂျင်စီဝန်ထမ်း အရေအတွက်များခြင်းက အစားအစာဈေးနှုန်း မြင့်တက်ခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။ ကိစ္စရပ်အားလုံးတွင် အေဂျင်စီ ဝန်ထမ်းများမှ ဒေသခံများနှင့် စခန်းတွင်းနေထိုင်သူများအပေါ်နှင့် အများပြည်သူ စုဝေးရာအရပ်များတွင် သူတို့အချင်းချင်း ပြုမူဆက်ဆံပုံသည်လည်း အရေးပါပေသည်။

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများသည် ရပ်ရွာလူထုတစ်ရပ်အပေါ် မရည်ရွယ်သည့် ကောင်းသော သို့မဟုတ် ဆိုးသော သက်ရောက်မှုများ ရှိနိုင်ကြောင်းကို အသိရှိနေစေရန်လည်း အလားတူ အရေးပါသည်။

### အခြားစနက်များ

ပုံမှန်အားဖြင့် ၎င်းတို့တွင် ရွှေ့ပြောင်းနေထိုင်ရသူများထဲမှ တစ်ဦးတစ်ယောက် သဘာဝအတိုင်း သို့မဟုတ် မမျှော်လင့်ဘဲ သေဆုံးခြင်း၊ နယ်စပ်များဖွင့်ပေးခြင်းစသော အခြေအနေအပြောင်းအလဲတစ်ရပ်ကြောင့် ရုတ်တရက် စခန်းတွင်းနေထိုင်သူ အရေအတွက် အစုလိုက်အပြုံလိုက်တိုးများလာခြင်း၊ ပဋိပက္ခလမ်းကြောင်းများ ပြောင်းလဲသွားခြင်း၊ မိုးခေါင်မှုအခြေအနေ ပိုမိုဆိုးရွားသွားခြင်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးမျိုးပေးသော စခန်းအေဂျင်စီများအတွင်း ရုတ်ချည်း အပြောင်းအလဲတစ်ရပ် စသည်တို့ ပါဝင်နိုင်သည်။

**ယဉ်ကျေးမှု အသိရှိခြင်း**

ပြည်တွင်းနှင့် နိုင်ငံတကာဝန်ထမ်း နှစ်မျိုးလုံးသည် မိမိတို့၏ စီမံချက်အပေါ် မည်သို့သဘောထားကြောင်းနှင့် နောက်ခံအခြေအနေနှင့် မည်သို့ဆက်နွယ်သည်တို့ကို သိရှိနိုင်ရန် မိမိတို့အလုပ်လုပ်နေသော ဒေသ၏ယဉ်ကျေးမှုကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ စခန်းဝန်ထမ်းများသည် ဒေသခံများ၏ တန်ဖိုးထားမှုစနစ်နှင့် ဓလေ့ထုံးစံများကို နားလည်သဘောပေါက်ပါက အိမ်ရှင်ဒေသခံတို့နှင့် ကိုက်ညီပြီး လက်ခံသည့်ပုံစံဖြင့် ပြုမူလုပ်ဆောင်နိုင်ကြပါမည်။ ဤနားလည်သဘောပေါက်မှုကို ပြောင်းလဲနေသောအခြေအနေများနှင့်အညီ မှန်ကန်စွာ စီစစ်သုံးသပ်၍ လိုက်လျောညီထွေ လုပ်ဆောင်တတ်ရန်နှင့် လူ့အဖွဲ့အစည်းတစ်ရပ် လုပ်ကိုင်ဆောင်ရွက်သည့် ပုံစံများအတိုင်း ပြုမူဆက်ဆံတတ်လာနိုင်ရန်အတွက် လိုအပ်ပါသည်။

### စခန်းလူထုနှင့်အတူ အကောင်အထည်ဖော်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ထည့်သွင်းစဉ်းစားရမည့် အရေးယူဆောင်ရွက်မှုများ

- ➔ စခန်းအုပ်ချုပ်ရေးအဖွဲ့၊ ဒုက္ခသည်များ/ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများ နှင့် ဒေသခံရပ်ရွာ လူထုများ အကြား ပုံမှန်အစည်းအဝေးများနှင့် ပူးတွဲကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ အပါအဝင် ယုံကြည်မှု တည်ဆောက်ရေး ဆောင်ရွက်မှုများကို ထောက်ပံ့ကူညီ၍ ဆောင်ရွက်ပေးပါ။
- ➔ နားလည်မှု၊ လက်ခံမှုနှင့် သည်းခံမှု အခြေအနေတစ်ရပ် ထူထောင်ရန် ဒေသခံရပ်ရွာလူထုအတွင်း စိတ်ထက်သန်နိုးကြားစေရန် လှုံ့ဆော်မှုများကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါ။ ၎င်းတို့ကို ရပ်ရွာလူထု တစ်ရပ်လုံးကို ခြုံ၍သော်လည်းကောင်း၊ ကျောင်းများ၊ ဘာသာရေးအုပ်စုများ၊ ဒေသန္တရ အာဏာပိုင်အဖွဲ့ များနှင့် မီဒီယာတို့ကဲ့သို့သော သီးသန့်အုပ်စုများ သို့မဟုတ် ဌာနများကိုသော်လည်းကောင်း ဦးတည် ဆောင်ရွက်နိုင်ပါသည်။
- ➔ ရပ်ရွာလူထု အားလုံးအတွက် အပန်းဖြေနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ပါ။
- ➔ ကျန်းမာရေးနှင့်ပညာသင်ကြားရေးဌာနများနှင့်ဝန်ဆောင်မှုများကဲ့သို့သောစခန်းတွင်းနေထိုင်သူများနှင့်ဒေသခံရပ်ရွာလူထုများ အညီအမျှလက်လှမ်းမီသည့် ဌာနများနှင့် လုပ်ငန်းများ ထူထောင်ဖွင့်လှစ်ခြင်းကို ထောက်ပံ့ကူညီပေးပါ။ ၎င်းတို့တွင် လမ်းများ၊ ကျောင်းများနှင့် ဆေးရုံများ သို့မဟုတ် စခန်းနှင့် ဒေသခံ ရပ်ရွာလူထုအတွက် ရေသန့်ပေးဝေရန် ရေပေးရေးစနစ်များ ဆောက်လုပ်ခြင်း တို့ကဲ့သို့သော ဒေသန္တရ အခြေခံ အဆောက်အအုံများ ထိန်းသိမ်းခြင်းနှင့် ပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်း စသည်တို့ ပါဝင်နိုင်ပါ သည်။ ထို့ပြင် လုပ်ငန်းကျွမ်းကျင်မှုနှင့် အခြား အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းသင်တန်းများ ကဲ့သို့သော စခန်းတွင်း နေထိုင်သူများအတွက် ထူထောင်ပေးသော အစီအစဉ်များကို ဒေသခံရပ်ရွာ လူထု ကလည်း လက်လှမ်းမီ ပါဝင်နိုင်ရန် လုပ်ဆောင်နိုင်ပါသည်။
- ➔ ဒေသခံရပ်ရွာလူထုလိုအပ်သောသဘာဝအရင်းအမြစ်များကိုစခန်းတွင်းနေထိုင်သူများအတွက်အလွန်အကျွံရယူခြင်းမရှိစေရန် သေချာအောင် အကူအညီပေးရေးပစ္စည်းများနှင့် အစီအစဉ်များ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းအတွက် အသိပေးရှင်းလင်း ဆွေးနွေးတင်ပြပါ။
- ➔ ထင်းရှားပါးသော အခြေအနေများတွင် ဤကဲ့သို့သောလုပ်ငန်းများမှာ ထင်းမလိုသော အပူပေးခြင်းနှင့် ချက်ပြုတ်ခြင်း တို့အတွက်

အစားထိုးအရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်း သို့မဟုတ် အနည်းဆုံး ထင်းလိုအပ်မှု လျော့နည်းအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

- ဆက်ဆံရေးများ တင်းမာမှုများမဖြစ်ပွားမီ သို့မဟုတ် ယုံကြည်မှုကို တင်းမာမှုများနှင့် အကြမ်းဖက်မှုတို့က မဖျက်ဆီးမီ ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကာကွယ်စောင့်ရှောက်ရေး ဦးဆောင်အေဂျင်စီနှင့်အတူ ညှိနှိုင်းဆောင်ရွက်လျက် ပဋိပက္ခ စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းအဖြေရှာခြင်း ဖိုရမ် များနှင့် တုံ့ပြန်သတင်းပို့ခြင်းစနစ်များ ထူထောင်ဆောင်ရွက်ပေးပါ။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းတစ်ခုအတွင်း လူထုဆူပူမှု နှင့် ရင်ဆိုင်တွေ့ကြုံနေသော လူသားချင်း စာနာထောက်ထားမှု လုပ်ဆောင်နေသူများ၏ အတွေ့အကြုံများ**

”မိမိတို့ ဆူပူမှုဖြစ်ရပ်အတွင်း ပိတ်မိမနေစေရန်၊ လွယ်ကူစွာ ထွက်ခွာသွားနိုင်ရန် နှင့် ယာဉ်မောင်းများက ပြဿနာကို စောင့်ကြည့်နိုင်ရန် မော်တော်ယာဉ်များကို နေရာရွှေ့ထားကြပါသည်။ ဖြန့်ဖြူးရေးအတွက် လုံခြုံရေးကို အသေးစိတ် ညွှန်ကြားထားပါသည်။ ထို့အတူ စခန်းတွင်နေထိုင်သူများကို မည်သည့်အုပ်စုက ပစ္စည်းများကို မည်သည့်အခါ ရရှိမည် ကို သိရှိအောင် အားလုံးဆောင်ရွက်ထားပြီး ဖြစ်နေပါသည်။”

"ယခင်က လမ်းကြောင်းအမျိုးမျိုးကို တိတ်ဆိတ်စွာ လေ့ကျင့်ထားပြီးဖြစ်၍၊ အဖွဲ့သည် စခန်းမှ ထွက်လာသောအခါ လူတိုင်းအတွက် ဆုံရပ်သို့ ရောက်ရှိရန် ပိုမိုလွယ်ကူသွားပါသည်။ သစ်တောထဲတွင် အလွန်မှောင်နေ၍ ပြန်လည် လူစုရန် အလွန်ခက်ခဲပါသည်။ သို့သော်လည်း မိမိတို့သည် ထင်ရှားသော အမှတ်အသားတစ်ခုကို သဘောတူထားခဲ့၍ အကူအညီ ဖြစ်စေခဲ့ပါသည်။ ယခင်က မိမိတို့သည် ရဲစခန်း၌ ပြန်လည်စုစည်းကြရာ ဒုက္ခပေးရာဌာနဖြစ်ခဲ့၍ ယခု အစားထိုးတစ်ခုရှိ၍ သက်သာရာ ရခဲ့ပါသည်။"

"မိမိတို့နှင့်အတူ ရေဒီယိုများရှိနေခြင်းက များစွာအကူအညီ ရပါသည်။ ပြဿနာစဖြစ်၍ အမျိုးသားများ မိမိတို့ကို ဝိုင်းအုံရန် ကြိုးစားသောအခါ ကားများလာရန် အမြန်ခေါ်နိုင်ခဲ့ပါသည်။ ဖုန်းများဖြင့် ကြိုးစားခဲ့သော်လည်း အလုပ် မဖြစ်ခဲ့ပါ။ သို့သော်လည်း ရေဒီယိုများက မိမိတို့ကို ချက်ချင်းအဆက်အသွယ် ရစေခဲ့ပါသည်။"

မည်သည့်အရာများက အလုပ်မဖြစ်ပဲ ရှိနေနိုင်သည်ကို အမြဲ ထည့်သွင်းစဉ်းစား၍ အောက်ပါတို့ကို သေချာအောင် လုပ်ဆောင်ပါ။

- ဝန်ထမ်းအားလုံးကို မည်သည်က အလုပ်မဖြစ်ပဲ ဖြစ်နေနိုင်သည်နှင့် မည်ကဲ့သို့ ပြုမူ ဆောင်ရွက်ရမည်ကို ညွှန်ကြားထားပါ။
- ပြဿနာများကို စောင့်ကြည့်ရန် သီးသန့်ဝန်ထမ်းများကို တာဝန်ပေးထားပါ။
- ဝန်ထမ်းများကို အကြောင်းကြားရန် ရေဒီယိုဆက်သွယ်ရေးနှင့် လက်အချက်ပြ ဆက်သွယ်ရေး ကဲ့သို့သော ရှင်းလင်းသည့် သတိပေးစနစ်များထားရှိပါ။
- တိမ်းရှောင်ရေးလမ်းကြောင်းများ ဖော်ထုတ်သတ်မှတ်ပါ၊ အသိပေး၍ လေ့ကျင့်ထားပါ။
- ဝန်ထမ်းအားလုံး သိရှိကြောင်းသေချာအောင် ဆုံရပ်များကို အတည်ပြုခြင်း နည်းလမ်းများနှင့်အတူ သတ်မှတ် ထားပါ။
- ဖြစ်နိုင်သည့်နေရာများတွင် ကြိုတင်စီမံ စုဆောင်းထားသော စားနပ်ရိက္ခာကို ဌာနမှ ဝေးကွာသောနေရာသို့ သွားရောက်ရာတွင် ယူဆောင်သွားရပါမည်။
- ဂန်ထမ်းများ လုံခြုံမှုရှိမည့် ခိုလှုံရန်နေရာများကို ဖော်ထုတ် သတ်မှတ်ထားရပါမည်။
- သတိထားရန်လိုသော သို့မဟုတ် ခက်ခဲသော ဖြန့်ဖြူးခြင်းများအတွက် နောက်ထပ် လုံခြုံရေး ဂန်ထမ်းများ ရရှိနိုင်ပါသည်။

## စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဝန်ထမ်းများအတွက် ထည့်သွင်းစဉ်းစားရမည့် ဆောင်ရွက်မှုများ

- စခန်းတွင်း အလုပ်လုပ်နေသော ဝန်ထမ်းအားလုံးသည် စခန်းတွင်းနေထိုင်သူများနှင့် သူတို့၏ ဆက်ဆံရေး အတွက် ကြားနေ နည်းလမ်းပုံစံကို ကျင့်သုံးရပါမည်။ မည်သည့် ဝန်ထမ်း တစ်ဦးတစ်ယောက်မျှ ယုံကြည်မှု သို့မဟုတ် ပဋိပက္ခ တို့ကဲ့သို့သော သဘောထားကွဲစေသည့် အကြောင်းအရာများနှင့် စပ်လျဉ်း သည့် ဆွေးနွေးခြင်းများတွင် သဘောထားဖော်ပြခြင်း သို့မဟုတ် ပါဝင်ဆွေးနွေးခြင်း မလုပ်ရပါ။ ဤသို့ ကြားနေခြင်း ကို ရည်ညွှန်းသော သို့မဟုတ် အင်အားဖြည့်ပေးနိုင်သော သာမန် သတင်းစကားများကိုသာ ပြုစု ဖြန့်ဝေကြ ရပါမည်။

- ဝန်ထမ်းများအားလုံးကို လက်ခံနိုင်သော ပြုမူဆက်ဆံရေး စံများကို သေချာစွာ ရှင်းပြထားရပါမည်။ ၎င်းတို့ကို ဝန်ထမ်းအသစ်များနှင့် လုပ်သက်ရင့်ဝန်ထမ်းများအားလုံး သိရှိထားပြီး ၎င်းတို့၏ လိုအပ်ချက်များနှင့် ဆီလျော် မှု ရှိမရှိ တို့ကို အချိန်မှန် ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းတို့ဖြင့် သေချာအောင် ဆောင်ရွက်ရပါမည်။
- လုပ်ငန်းအားလုံးကို သင့်တင့်လျောက်ပတ်သော ပုံစံဖြင့် ကြိုတင်ပြင်ဆင်ထားရှိရပါမည်။ စခန်းတွင်း နေထိုင်သူများကို လုပ်ငန်းတစ်ခု မစတင်မီ လုံလောက်သော သတင်းအချက်အလက်နှင့် အချိန်တို့ပေးထားပြီး အသိပေး၍ နိုးကြားထက်မြက်စေရန် လုပ်ဆောင်ကြရပါမည်။ လုပ်ငန်းနယ်မြေများကို လုံခြုံစေရန် ဝန်ထမ်း အလုံအလောက်ထားရှိ၍ ထင်ရှားစွာ သတ်မှတ်ထားသော အဝန်းအဝိုင်းဖြင့် ထူထောင် ထားရှိရ ပါမည်။ နောက်ထပ် လုံခြုံရေးအင်အားများကို ဒေသတွင်း ရှိနေစေရန် သို့မဟုတ် အချိန်တိုအတွင်း ရရှိနိုင် အောင် ကြိုတင်စီမံထားရပါမည်။ ဖြန့်ဖြူးခြင်းလုပ်ငန်းသည် အထူးသဖြင့် အရေးကြီးသည်ဟု မှတ်ယူပါက သို့မဟုတ် အချိန်ကာလကြာရှည်သောလုပ်ငန်းများကို သေချာစွာ ပြီးမြောက်နိုင်ရန် ဖြစ်ပါက လုံလောက် သော အရင်းအမြစ်များ လိုအပ်မည် ဖြစ်ပါသည်။ ၎င်းတို့တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေနှင့် အရိပ် အာဝါသ အလုံအလောက် ထားရှိပေးခြင်းလည်း ပါဝင်ပါသည်။
- စီမံထားသောလုပ်ငန်း လွဲချော်မှားယွင်းသွားပါက အရေးပေါ် အစီအမံ အရန်သင့် ရှိနေရပါမည်။ ၎င်းတို့တွင် သိရှိထားပြီး သတိပေးချက်များကို သေချာထည့်သွင်းစဉ်းစားခြင်း၊ ဆက်သွယ်ရေးစနစ်များ၊ ဆုံရပ်များ၊ အခြား တိမ်းရှောင်လမ်းကြောင်းများ၊ ကြိုတင်သတ်မှတ်ထားသော သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လုံခြုံ သော ခိုလှုံရန်နေရာများ၊ ထိခိုက်ဒဏ်ရာရသူအတွက် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ နှင့် အရေးပေါ် တုံ့ပြန်မှုကို အင်အားဖြည့်တင်းပေးမည့် အခြား ကြိုတင်ခန့်မှန်းနိုင်သည့် လုပ်ငန်းများ စသည်တို့ ပါဝင်ရ ပါမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ကွင်းဆင်းဝန်ထမ်းများ၏ လုံခြုံရေး

" ရွှေ့ပြောင်းနေထိုင်ရသူများထံ လက်လှမ်းမီရောက်ရှိ၍ စခန်းများတွင် အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန် ကြိုတင်ခန့်မှန်းလုပ်ဆောင်နိုင်မည့် လုံခြုံသည့် လူသားချင်းစာနာမှုထောက်ထားမှုလုပ်ငန်း စကြံ လမ်းကြောင်းတစ်ခု ဖွင့်လှစ်ထိန်းသိမ်းခြင်းကို သပိတ်မှောက်ဆန္ဒပြခြင်းများကြောင့် နှောင့်နှေးစေခဲ့ပါသည်။ ထို့ပြင် သပိတ်မှောက်ဆန္ဒပြခြ င်းများကြောင့် စခန်းစီမံခန့်ခွဲရေး ကွင်းဆင်းဝန်ထမ်းများအတွက် လုံခြုံရေးနည်းဗျူဟာများကို ပြန်လည်ရေးဆွဲပြုစုရန် ဖြစ်စေခဲ့ကြပါသည်။ စခန်းစီမံခန့်ခွဲရေးအစီအမံများသည် လုံခြုံရေးမှ ကင်းလွတ်၍ မည်သည့် အခါမျှ မစဉ်းစားနိုင်ခဲ့ပါ။ အချို့ကိစ္စရပ်များတွင် လုံခြုံရေးအန္တရာယ်များက စခန်းစီမံခန့်ခွဲရေးလုပ်ငန်းများကို စခန်းများ အတွင်း လိုအပ်ချက်များပြောသ ည့်အခါများ၌ပင် ရိုးရှင်းစွာ ရပ်ဆိုင်းပစ်ရမည့် အခြေအနေသို့ တွန်းပို့ ဆိုက်ရောက် စေခဲ့ပါသည်။

စခန်းတည်ရှိရာ အရပ်ဒေသများသို့သွားမည့် ခရီးစဉ်များကို လမ်းများပေါ်တွင် အန္တရာယ်တိုးမြင့်လာခြင်းကြောင့် တစ်ခါ တစ်ရံ လျော့ပစ်ရန် လိုအပ်လာပါသည်။ အန္တရာယ်ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ဖွဲ့လုံး လုံး၀ မသွားရောက်နိုင် သောအခါ အဓိကဝန်ထမ်းများ ပါဝင်သည့် ပိုမိုသေးငယ်သော လုပ်ရှားအဖွဲ့ကို စခန်းများတွင် အချိန်တိုထားရှိပြီး အစားအစာ၊ ရေ၊ ချက်ပြုတ်ရန် မီးဖိုလောင်စာ၊ မော်တော်ယာဉ်များအတွက် ဓာတ်ဆီ၊ ရေးဦးပြုစုခြင်းနှင့် ဆက်သွယ် ရေး ကရိယာများ စသည့် အခြေခံအထောက်အပံ့များကို ပေးခဲ့ပါသည်။ သူတို့သည် စခန်း၏ နားမျက်စိများ ဖြစ်လာ၍ စောင့်ကြည့်ကြီးကြပ်ပြီး ရုံးသို့ အစီရင်ခံစာများကို ပြန်လည်ပေးပို့ကြပါသည်။

ရှုပ်ထွေးသော လုံခြုံရေးအခြေအနေကြောင့် စီမံချက်အတွက် စိန်ခေါ်မှု အတော်များများ ထွက်ပေါ်လာပါသည်။

- လုပ်ငန်းခွင်သို့ ကွင်းဆင်းသွားရောက်ခြင်းနှင့် ပတ်သက်၍ ဝန်ထမ်းများဖက်မှ အမှန်တကယ် ကြောက်ရွံ့ စိတ်နှင့် လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ၊
- လုံခြုံရေးအကြောင်း လုပ်ငန်းခွင်မှ တိကျသော နောက်ဆုံးသတင်းအချက်အလက် ဝင်ရောက်မှုမရှိခြင်း ၊
- ပါဝင်ပတ်သက်နေသော တရားဝင်အဖွဲ့အစည်းများမှလာသော သတင်းအချက်အလက်သည် နိုင်ငံရေးပုံစံသွင်းထားခြင်း၊
- အေဂျင်စီများ၌ တသမတ်တည်း ညှိနှိုင်းဆောင်ရွက်သည့် လုပ်ဆောင်မှုများ မရှိခြင်း၊
- သပိတ်မှောက်ဆန္ဒပြမှုများအပေါ် ရှင်းလင်းသည့် တုံ့ပြန်မှုတစ်ရပ်မရှိခြင်း၊ အချို့သောအဖွဲ့အစည်းများသည် သဘော ထား ကိုက်ညီ၍ ရုံးများပိတ်ခြင်းနှင့် အခြားကျန်ရှိသောအဖွဲ့များ ပုံမှန်အတိုင်း ဖွင့်လှစ်လုပ်ဆောင် ကြခြင်း။"

အဖွဲ့သည် အောက်ပါ အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ပါသည်။

1. ယာဉ်မောင်းများနှင့် ရုံးဝန်ထမ်းများအပါအဝင်၊ ကွင်းဆင်းဝန်ထမ်းအားလုံးကို လုံခြုံရေးသင်တန်းပေးပါသည်။
2. လုံခြုံရေးဆိုင်ရာ ညွှန်ပြအချက်အလက်များကို စောင့်ကြည့်လေ့လာပြီး ပုံမှန် ပြန်လည်သုံးသပ်ပါသည်။
3. စခန်းတွင်းနေထိုင်သူများ သို့မဟုတ် ဆုကြေးစား လုပ်သားများ၏ သပိတ်မှောက်ခြင်းများနှင့် ဆန္ဒပြခြင်းများ အားလုံးကို စောင့်ကြည့်လေ့လာပြီး လိုအပ်ပါက ဆက်လက် ရုံးပိတ်ထားသည်။
4. ရှိနေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ခြင်းကို ဖြစ်နိုင်သည့်အချိန်တွင် အကောင်အထည် ဖော်ပါသည်။ နေရပ်စွန့်ခွာ စခန်းများအတွင်း အခြေအနေကို စောင့်ကြည့်လေ့လာရန် နိုင်ငံခြားသားဝန်ထမ်းများသည် ပြည်တွင်း ဝန်ထမ်းများနှင့် အတူ ခရီးသွားကြပါသည်။
5. ကြီးမား၍ ကွဲပြားခြားနားသော အဖွဲ့တစ်ဖွဲ့ ဖြစ်စေခြင်းဖြင့် စခန်းစီမံခန့်ခွဲရေးဝန်ထမ်းများကို အလှည့်ကျ လုပ်ငန်း ခွင်မှ ခွင့်ပေးနိုင်ပြီး အန္တရာယ်ရှိနေသော အခြေအနေတွင် နေထိုင်နေရသည့် သူတို့၏မိသားစုထံ သွားရောက်ကြည့်ရှုခွင့် ရရှိကြစေရန် ရည်ရွယ်လုပ်ဆောင်ပါသည်။
6. ချိုးဖောက်မှုများကို သတင်းပို့ အစီရင်ခံရေးအတွက် လျှို့ဝှက်ချက်ထိမ်းသိမ်းမှုဖြင့် ထားရှိသော အစီရင်ခံ လမ်းကြောင်း များနှင့်  ညွှန်းပို့ခြင်းစနစ်များ နေရာတကျ ရှိနေစေပါသည်။

## ပြစ်မှု

စခန်းတစ်ခု ချောမွေ့စွာလည်ပတ်ရေးသည် အခြားရပ်ရွာလူထုများ ကဲ့သို့ပင် စခန်းတွင်နေထိုင်သူများ၏ အပြန်အလှန် လေးစားမှုနှင့် သူတို့၏ ပဋိပက္ခများနှင့် အငြင်းပွားမှုများကို ရပ်ရွာလူထုတစ်ရပ်လုံးက လက်ခံနိုင်၍ စောင့်ထိန်း လိုက်နာသည့် နည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဆန္ဒရှိမှုအပေါ်တွင် တည်မှီနေပါသည်။ တရားဥပဒေ စိုးမိုးရေး ပျက်ပြားခြင်းတစ်ရပ်တွင် ဖြစ်ပေါ်စေသည့်အချက်များစွာ ရှိနိုင်ပါသည်။ နိုင်ငံအာဏာပိုင်များသည် ၎င်း၏ နိုင်ငံ ပိုင်နက်နယ်မြေထဲ၌ ရှိနေသူများကို ကာကွယ်စောင့်ရှောက်မှုပေးရန် လုံးဝတာဝန်ရှိနေစဉ် ရဲတပ်ဖွဲ့ဝင်နှင့် လက်နက် ကိုင်တပ်ဖွဲ့များသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများကို ကာကွယ်စောင့်ရှောက်မှုပေးရန် အရည်အသွေးမရှိဘဲ ဖြစ်နေနိုင်ပါသည်။ ထိုအခြေအနေသည် စဉ်ဆက်မပြတ်ရှိနေသော လက်နက်ကိုင်ပဋိပက္ခနှင့် ဌာနများ၊ အခြေခံအဆောက်အအုံများ ပြိုလဲခြင်းတို့ကို ပိုမို ဆိုးရွားသွားစေနိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသူများ သည် ထိခိုက်ခံရမှု အတွေ့အကြုံများ၊ စိုးရိမ်ကြောင့်ကြစိတ်နှင့် ရွှေ့ပြောင်းနေထိုင်ရမှုနှင့် ဆက်စပ်နေသည့် မြင့်မားသော စိတ်ဖိစီးမှုများနှင့် ရုန်းကန်လှုပ်ရှားနေကြရနိုင်ပါသည်။ ထို့ပြင် နောက်ခံ အခြေအနေ တစ်ခုနှင့်တစ်ခု ကွဲပြားပြီး ဖုံးကွယ်နေသည့် အကြောင်းရင်းများရှိနေနိုင်သည်။ ၎င်းတို့တွင် ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ နည်းပါးမှုတို့နှင့်အတူ လူမှုရေးစံများနှင့် တန်ဖိုးထားမှုများ ပြိုကွဲပျက်စီးခြင်းများ စသည် တို့ပါဝင်နိုင်ပါသည်။ ဤကဲ့သို့သော အခြေအနေများသည် ပြစ်မှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုနှင့် မတော်မတရားပြုခံရမှု စသည်တို့ သိသာစွာ များပြားလာခြင်းကို ဦးတည်နိုင်ဖွယ်ရှိပါသည်။

ခြိမ်းခြောက်မှုများ၊ ခိုးမှု နှင့် လက်သရမ်းဖျက်ဆီးမှုကဲ့သို့သော ပြစ်မှု အသေးစားအမျိုးမျိုးမှသည် ပိုမိုကြီးလေးသည့် ခြိမ်းခြောက်မှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှု သို့မဟုတ် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ လူသတ်မှုနှင့် လူပျောက်မှု စသည်တို့ ပါဝင်သည့် ကြီးလေးသောပြစ်မှုကြီးများအထိ အမျိုးမျိုး လွှမ်းခြုံပါဝင်နိုင်ပါသည်။ စခန်းများတွင် ကျား/မ လူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုသည် အများဆုံးဖြစ်နေပြီး အိမ်ထောင်စုများ အတွင်း၌လည်း မကြာခဏ ဖြစ်လေ့ရှိပါသည်။ အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ မတော်မတရားပြုမှု သို့မဟုတ် အရှက်ရစေခြင်းနှင့် အတင်း အကျပ် ပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ အကူအညီနှင့်လိင်ကိစ္စ အလဲအလှယ်ပြုခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း စသည်တို့အားလုံးသည် စခန်းအခြေအနေတွင် ဖြစ်ပေါ်နိုင်သော ကျား/မ လူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်ခြင်း ဥပမာများ ဖြစ်ကြပါသည်။

☛ နောက်ထပ် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုအကြောင်းကို - အခန်း (၁၀) ကျားမ လူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှု - တွင်ကြည့်ပါ။

စခန်းအခြေအနေတွင် အလုပ်လုပ်နေသော အေဂျင်စီများသည် လတ်တလော၌ ကျားမ လူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုနှင့် တွေ့ကြုံနိုင်ခြေ မရှိသော်လည်း အရှက်ရစေခြင်း၊ တိုက်ခိုက်မှု၊ ဖောက်ထွင်းမှု၊ ခိုးမှု ထို့အတူ

ဓားစာခံခေါ်ဆောင်မှုနှင့် အချို့သော အခြေအနေများတွင် အတင်းအကျပ်ခေါ်ဆောင်မှုနှင့် ပြန်ပေးဆွဲမှုတို့ကို တွေ့ကြုံခံစားရနိုင်ပါသည်။

မိမိတို့၏အိမ်များ၊ မိသားစုများနှင့် ရပ်ရွာလူထု၏ ကာကွယ်စောင့်ရှောက်မှုတို့ကို ဆုံးရှုံးခဲ့ရပြီး နေထိုင်စရာ၊ အစားအစာနှင့် ရေစသည့် အရင်းအမြစ်များ ကင်းမဲ့လျက်ရှိသည့် ရွှေ့ပြောင်းနေထိုင်ရသူများသည် အကြမ်းဖက်ခံရမှု အန္တရာယ် ကို မကြာခနကြီးမားစွာ ကြုံတွေ့နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ ဘေးအန္တရာယ်များနှင့် ထိခိုက်မှုများမှ ပြန်လည်ထူထောင်လာနိုင်ရန် စွမ်းဆောင်နိုင်ရည်မှာလည်း လျော့ပါးနေပါသည်။ ၎င်းတို့၏ အခြေအနေမှာလည်း မိမိတို့ကိုယ်တိုင်၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရန် တစ်ဦးချင်း နှင့် မိသားစုများ၏ စွမ်းဆောင်ရည်ကို ကန့်သတ်ချုပ်ချယ်ခံထားရပါသည်။ စခန်းများနှင့် အခြေချနေရာများတွင် ပိတ်လှောင်ထားခြင်း ကြောင့် ကြောက်စိတ်ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်သည် စိုးရိမ်စိတ်၊ ကြုံရာမရစိတ်၊ အပယ်ခံရမှုနှင့် ရေရှည် ဖြေရှင်းမှုရရှိရေးအတွက် မျှော်လင့်ချက်ကင်းမဲ့မှုတို့နှင့် တွဲဖက်လျက် ထိုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များ၏ အကြိမ် နှင့် ပြင်းထန်မှု မြင့်မားလာခြင်းတို့ကို ထောက်ကူပေးနေပါသည်။

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စခန်းလူထုနှင့်အတူ အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ဆောင်ရွက်မှုများ

- ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ စခန်းများအတွင်း၌ မဟုတ်ပဲ၊ အနီးအနားတွင် လေ့ကျင့်ထား သော အမျိုးသမီးအရာရှိများ အပါအဝင် အရပ်ဖက် ရဲတပ်ဖွဲ့ဝင်များ အရေအတွက် အလုံအလောက် ချထားရပါမည်။ ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီများက တရားဥပဒေစိုးမိုးရေးအဖွဲ့များအား ဆက်သွယ်ရေး ကိရိယာများ အပါအဝင် ပစ္စည်းများနှင့် သင်တန်းအထောက်အကူများ ပေးခြင်းဖြင့် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်နိုင် ရေးအတွက် ကူညီနိုင်ပါသည်။
- ဖြစ်နိုင်ပါက ရဲတပ်ဖွဲ့နှင့်အတူ ညှိနှိုင်းဆောင်ရွက်လျက် ရပ်ရွာလူထုကို လုံခြုံရေးလှည့်ကင်းများ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲခြင်း တို့တွင်ကူညီပေးနိုင်ပါသည်။ လုံခြုံရေးလှည့်ကင်းများသည် အခြေခံအားဖြင့် အရပ်သားလက္ခဏာ ဆောင်ရပါသည်။ ဆောင်ရွက်မည့် ဝန်ထမ်းများကို ဥပဒေစိုးမိုးသက်ရောက်ရေး အခြေခံမှုများအတွက် သင့်တင့် လျောက်ပတ်စွာ သင်တန်းပေးပြီး လုံလောက်စွာ ကြီးကြပ်ကွပ်ကဲ၍ စောင့်ကြည့်လေ့လာပြီး လုပ်ငန်းသုံးပစ္စည်း များ တပ်ဆင်ပေးရပါမည်။
- သတင်းအချက်အလက်များကို ရေဒီယို၊ ပြဇာတ် သို့မဟုတ် ပုံနှိပ်စာရွက်များ ကဲ့သို့သော နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ဖြန့်ဝေရန် ရပ်ရွာလူထု အခြေပြု၍ ရှေ့ဆောင်ရှေ့ရွက်ပြုခြင်းများကို အားပေးတိုက်တွန်းကာ လုံခြုံရေးနှင့် ဆက်နွယ်သည့် သတင်းအချက်အလက်နှင့် အကြံပြုချက်တို့ကို ဖြန့်ဖြူးပေးရပါမည်။ ၎င်းတွင် စခန်းစည်းမျဉ်းများနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့် အညီ စခန်းတွင်နေထိုင်သူများ၏ လိုက်နာရမည့် တာဝန်များနှင့် စပ်လျဉ်းသော သတင်းအချက် အလက်များ ပါဝင်ရပါမည်။ အကယ်၍ စိုးရိမ်ရသော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ရှိခဲ့ပါက ဤနည်းလမ်းမှာ အစဉ်အမြဲ အောင်မြင်နိုင်မည် မဟုတ်ပါ။

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ထည့်သွင်းစဉ်းစားရမည့် ဝန်ထမ်းများအတွက် လုံခြုံရေး ဆောင်ရွက်မှုများ

- အလုပ်လုပ်နေသည့်ပတ်ဝန်းကျင်တွင်ရှိနေသော ခြိမ်းခြောက်မှုအလားအလာများကို ဝန်ထမ်းများမှ သေချာ စွာ နားလည်သဘောပေါက်စေရန် လုံခြုံရေးဆိုင်ရာ ရှင်းလင်းပြောကြားခြင်းများကို စီစဉ်ပေးရပါမည်။
- ပုဂ္ဂိုလ်ရေးအရ လုံခြုံမှုအသိရှိရေးနှင့် လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ သင်တန်း ဖွင့်လှစ်ပို့ချပေးရပါမည်။
- ပြစ်မှုအန္တရာယ် ကျရောက်လွယ်မှုကိုလျော့ချရန် သီးသန့် လုပ်ထုံးလုပ်နည်းများကို အသိပေးထားရပါမည်။ ၎င်းတို့တွင် ဝန်ထမ်းတစ်ဦးတည်း သွားလာမှုကို ကန့်သတ်ခြင်း၊ စခန်းအတွင်း သွားလာမှုအချိန်များ ကန့်သတ်ခြင်း (ပုံမှန်အားဖြင့် ညမှောင်ချိန်များတွင် သွားလာခွင့်မရှိပါ။) ဖြစ်နိုင်လျှင် ဆက်သွယ်ရေး လုပ်ထုံးလုပ်နည်းများကို အရန်ထားရှိမှုစနစ်များဖြင့် လုပ်ဆောင်ခြင်းနှင့် ဖြစ်နိုင်၍ ဆီလျော်ပါက အထူး သံချပ်ကာယာဉ်များ အသုံးပြုခြင်း စသည်တို့ပါဝင်ပါသည်။
- ဝန်ထမ်းများကို မုခင်းနှင့် ကြုံတွေ့ပါက မည်ကဲ့သို့ တုံ့ပြန်သင့်သည်ကို သင်တန်းပေးထားရပါမည်။ များသောအားဖြင့် အကူအညီဟစ်အော်တောင်းခံခြင်းနှင့် ပြစ်မှုကျူးလွန်သူ၏ တောင်းဆိုမှုကို လိုက်နာခြင်း တို့ ပါဝင်ပါသည်။
- အရေးပေါ် ခေါ်ဆိုရန်ဖုန်းနံပါတ်များ ဖော်ထုတ်သတ်မှတ်၍ ဖြန့်ဝေပေးရန် လိုအပ်ပါသည်။
- လိုအပ်ပါက လုံခြုံရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အရည်အသွေးကို မြှင့်တင်ပေးရပါမည်။
- အကြမ်းဖက်မှု သို့မဟုတ် အခြားမကောင်းမှုဖြစ်ရပ်များကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်စေရန် အရေးပေါ် အစီအမံများကို

ရှင်းလင်းပြောကြား၍ ဆက်သွယ်ဖြန့်ဝေပြီး အသိပေးထားရပါမည်။ ၎င်းတွင် လုံခြုံသော နေရာများ၊ ရဲအဆက်အသွယ်များနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ဌာနများ ဖော်ထုတ်သတ်မှတ်ခြင်း ပါဝင်ပါသည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ရဲအရာရှိများအတွက် စခန်းစီမံခန့်ခွဲရေးသင်တန်း ဥပမာတစ်ရပ်**

၂၀၀၉ ခုနှစ်တွင် ကင်ညာနိုင်ငံ ဒါဒတ်မြို့ရှိ ဒုက္ခသည်စခန်းများ ပတ်ဝန်းကျင်တွင် အလုပ်လုပ်နေကြသော ရဲအရာရှိများအတွက် စခန်းစီမံခန့်ခွဲရေးသင်တန်းတစ်ခုကို ဖွင့်လှစ်ပို့ချခဲ့ပါသည်။ သင်တန်းဆရာများက စခန်းဘဝဖြစ်စဉ်၏ အဆင့်အားလုံးတွင် ရပ်ရွာလူထုပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါပုံကို အလေးထားလျက် စခန်းစီမံခန့်ခွဲရေးမူများနှင့် နည်းလမ်းများကို လိုရင်းအကျဉ်းချုပ်၍ ဖော်ပြကြပါသည်။ သင်တန်းက စခန်းဒီဇိုင်း၊ စခန်း စောင့်ရှောက်ထိန်းသိမ်း ရေးနှင့် ဒုက္ခသည်များ၏ အခွင့်အရေးများဆိုင်ရာ အခြေခံသတင်းအချက်အလက်များကို ပေးပါသည်။ ဤအရည် အသွေးမြှင့်တင်ရေး ရှေ့ဆောင်ရှေ့ရွက်ပြုမှုက ရဲအရာရှိများကို စခန်းများတွင် အမျိုးမျိုးသော အုပ်စုများနှင့် ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်လာနိုင်စေပါသည်။

## ဘေးအန္တရာယ်များ

ဘေးအန္တရာယ်များအဖြစ် အမျိုးအစားသတ်မှတ်သော ခြိမ်းခြောက်မှုများသည် များသောအားဖြင့် ဘေးကင်းလုံခြုံရေးနှင့် သက်ဆိုင်ဆက်နွယ်သည့် သဘာဝအခြေအနေများ ဖြစ်ကြပါသည်။ ဆက်စပ်အခြေအနေပေါ်တွင် မူတည်၍ စခန်းတစ်ခုတွေ့ကြုံနိုင်သောဘေးအန္တရာယ်အရေအတွက်သည်များပြားပြီးကွဲပြားခြားနားနိုင်ပါသည်။သဘာဝဘေးအန္တရာယ်များသည်ကနဦး ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အကြောင်းရင်း ဖြစ်လေ့ရှိပြီး စခန်းများကို ဤကဲ့သို့သော ဘေးအန္တရာယ်များမှ ဝေးကွာသည့်နေရာတွင် ထားရှိသင့်သော်လည်း၊ မြေရရှိနိုင်မှုမှာ အကန့်အသတ်ရှိသဖြင့် ထို အရပ်ဒေသသည် ရေကြီးခြင်း၊ ငလျင်နောက်ဆက်တွဲ လှုပ်ခတ်ခြင်းများနှင့် မီးတောင်ပေါက်ကွဲခြင်းများ ဆက်လက် ခံစားရနိုင်ပါသည်။ ထို့ပြင် ဘေးအန္တရာယ်များသည် စခန်းဝန်ထမ်းများနှင့် စခန်းတွင်းနေထိုင်သူများ ရှိနေကြခြင်း၏ ရလဒ်၊ ဥပမာအားဖြင့် ရောဂါဘယ၊ ယာဉ်ထိခိုက်မှုများ၊ နှင့် မီးလောင်ခြင်းများ စသည်တို့လည်း ဖြစ်နိုင်ပါသည်။

## မီးလောင်ခြင်း

မီးလောင်ခြင်းများသည် များသောအားဖြင့် ညံ့ဖျင်းသော ဆောက်လုပ်ရေးပစ္စည်းများ၊ မီးလောင်လွယ်ပစ္စည်းများ ညံ့ဖျင်းစွာ သိုလှောင်ထားခြင်း၊ မှားယွင်းသော လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းများ သို့မဟုတ် လူများ၏ လျစ်လျူရှု ပေါ့ဆမှုတို့ကြောင့် ဖြစ်တတ်ပါသည်။ ဤဘေးအန္တရာယ်သည် စခန်းအခြေအနေအတွင်း လျင်မြန်စွာ ဖြစ်ပေါ် လာနိုင်ပြီး မီးသည် အဆောက်အအုံ တစ်ခုမှတစ်ခုသို့ နှင့် နေထိုင်ရာစခန်း တစ်ခုမှတစ်ခုသို့ ခုန်၍ကူးပြီး သေရေး ရှင်ရေး ဖြစ်လာနိုင်ပါသည်။ ရာသီဥတု အကြောင်းခံများ အထူးသဖြင့် ရာသီဥတုခြောက်သွေ့ပြီး လေများတိုက်ခတ် နေသောအခါ ဤဘေးအန္တရာယ်ကို ပိုမိုဆိုးရွားသွားစေနိုင်ပါသည်။

☛ မီးလောင်ခြင်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များကို - အခန်း (၁၅) နေထိုင်စရာ - တွင် ကြည့်ပါ။

## ယာဉ်ထိခိုက်မှုများ

အခြေအနေအများအပြားတွင် စခန်းတွင်နေထိုင်သူများသည် ယာဉ်အသွားအလာနှင့် အတွေ့အကြုံ အနည်းငယ်သာ ရှိသူများ သို့မဟုတ် မရှိသူများ ဖြစ်နိုင်ကြပါသည်။ ဒေသခံ သို့မဟုတ် အေဂျင်စီဝန်ထမ်းများ၏ ညံ့ဖျင်းသော ယာဉ်မောင်းနှင်သည့်အကျင့်များ၊ မကျွမ်းကျင်မှုနှင့် အထူးသဖြင့် ကလေးသူငယ်များက သွားလာနေသောယာဉ်များ ၏ အရှိန်နှင့် အကွာအဝေးကို မှန်ကန်စွာ မခန့်မှန်းနိုင်ခြင်း တို့က ဤအခြေအနေကို ပိုမိုဆိုးရွားသွားစေပါသည်။

### ရောဂါဘယ

စခန်းတစ်ခုအတွင်း ရောဂါဖြစ်ပွားမှုသည် လိုအပ်ချက်များရှိနေသည့် အခြေအနေများ၌ လူအများ အနီးကပ်ပြွတ်သိပ် နေခြင်းကြောင့် ပိုမိုဆိုးရွားသွားစေပါသည်။ စခန်းတစ်ခု၌ ရောဂါဖြစ်ပွားမှုတစ်ခုကို ရာသီဥတုကလည်း လွှမ်းမိုးသက်ရောက်နိုင်ပါသည်။ မိုးရွာခြင်းက ရေမှတဆင့် ကူးစက်သောရောဂါများ၏ ခြိမ်းခြောက်မှု တိုးလာစေနိုင်ပါသည်။ သို့မဟုတ် သံကောင်၊ ပိုးမွှားများနှင့် အခြားရောဂါသယ်ဆောင်သည့် ပိုးမွှားများကြောင့်လည်း ခြိမ်းခြောက်မှု တိုးလာ နိုင်ပါသည်။

☛ ရောဂါဘယအကြောင်း နောက်ထပ် သတင်းအချက်အလက်များကို - အခန်း (၁၆) ကျန်းမာရေးနှင့် အာဟာရ - တွင်ကြည့်ပါ။

### သဘာဝဘေးအန္တရာယ်များ

စခန်းနေရာရွေးချယ်ခြင်း အကြောင်းကို ဤစာအုပ်၏ တစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ နေရာရွေးချယ်ရာတွင် လိုအပ်ချက်များရှိနေခြင်းကြောင့် အချို့သော သဘာဝဘေးအန္တရာယ်တို့ကို ရှောင်ရှားရန် ခက်ခဲနိုင်ပါသည်။ ရာသီဥတုသည် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုအပေါ် ဩဇာလွှမ်းနိုင်သည်ကို မှတ်သားထားရန် အရေးကြီး ပါသည်။ မိုးနှင့်လေတို့သည် ရာသီဥတုနှင့်အတူ အမျိုးမျိုးပြောင်းလဲနိုင်ပြီး ဂန်ဆောင်မှုပေးခြင်းအမျိုးမျိုး အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ အချို့သဘာဝဘေးအန္တရာယ်များသည် လျင်မြန်စွာ ကျရောက်နိုင်ပြီး အချိန် အနည်းငယ် မျှသာ ကြိုတင်သိရှိနိုင်သည် သို့မဟုတ် ကြိုတင်မသိရှိနိုင်ပါ။ ၎င်းတို့တွင် မီးတောင်ပေါက်ကွဲခြင်းများ၊ မြေငလျင်များ သို့မဟုတ် ဒီရေလှိုင်းများ ပါဝင်ကြပါသည်။

☛ စခန်းနေရာရွေးချယ်ခြင်းအကြောင်း နောက်ထပ်သတင်းအချက်အလက်များကို - အခန်း (၇) စခန်း ထူထောင်ခြင်း နှင့် ပိတ်သိမ်းခြင်း - တွင်ကြည့်ပါ။

### လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ

ဤဘေးအန္တရာယ်များတွင် ရှိနေပြီးသော ဓါတုဗေဒ သို့မဟုတ် ဇီဂဗေဒ စွန့်ပစ်ပစ္စည်းများ ပါဝင်ပါသည်။ ပဋိပက္ခ သို့မဟုတ် ပဋိပက္ခနောက်ပိုင်း ပတ်ဂန်းကျင်တွင် စစ်အကြွင်းအကျန်များ သို့မဟုတ် မပေါက်ကွဲသေးသော လက်နက် ခဲယမ်းများ ရှိနေနိုင်ပါသည်။ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များအတွက် များသောအားဖြင့် လူထုနှင့် အေဂျင်စီ တို့မှ နေရာဌာနကို ထိရောက်စွာ ရှင်းလင်းနိုင်ရန် နိုးကြားစေရေးအတွက် ကျွမ်းကျင်သည့်အေဂျင်စီများ၏ ကူညီ လုပ်ဆောင်မှုများကို လိုအပ်ပါသည်။

### စခန်းလူထုနှင့်အတူ အကောင်အထည်ဖော်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ထည့်သွင်းစဉ်းစားရမည့် ဆောင်ရွက်မှုများ

➔ စခန်းထူထောင်ရေးအတွက် အစီအစဉ်ဆွဲခြင်းကို အခြားအခန်းများတွင်ဖော်ပြခဲ့ပါသည်။ သို့ရာတွင် ပုံမှန် အားဖြင့် မီးတားများ အသုံးပြုခြင်း နှင့် စခန်းတည်ဆောက်ရေးတွင် အသုံးပြုမည့်ပစ္စည်းများကို သေချာစွာ လေ့လာစစ်ဆေးခြင်းတို့ ပါဂင်ကြပါသည်။ မီးအန္တရာယ် အသိရှိရေး လှုံ့ဆော်မှုသင်တန်းများတွင် မီးဘေး အန္တရာယ် တားဆီးကာကွယ်ရေး၊ မီးလောင်မှု စတွေ့ပါက မည်ကဲ့သို့ ဆောင်ရွက်မည်၊ သတိပေးချက် ကြားရပါက မည်ကဲ့သို့ တုံ့ပြန်မည်၊ မီးလောင်မှုတစ်ခုကို မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်မည်နှင့် စုစည်းရန် နေရာများ အသုံးပြုခြင်းနှင့် အပူလောင်ခြင်းများအတွက် ရှေးဦးပြုစုခြင်းနှင့် ကုသခြင်း စသည်တို့ ပါဝင်ရ ပါမည်။ မီးလောင်မှု တားဆီးကာကွယ်ရေးကို စခန်းတွင် လုပ်ငန်းလုပ်ဆောင်နေသော အေဂျင်စီများ၏ နေ့စဉ်လုပ်ငန်းများနှင့် ပညာပေး လှုံ့ဆော်ခြင်းများဖြင့် စီမံခန့်ခွဲနိုင်ပါသည်။

➔ ကလေးသူငယ်များအပေါ် အဓိက အလေးထားသော ပညာပေးအစီအစဉ်များနှင့် အထွေထွေ အသိရှိရေး သတင်းစကားများက ယာဉ်ထိခိုက်မှုများ လျှော့ချရန် ကူညီပေးမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုနှင့် အရေးယူ ဆောင်ရွက်ခြင်းများ၏ ထိရောက်မှုကို ရောင်ပြန်ဟပ်နိုင်ပါမည်။

➔ သန့်ရှင်းရေး၊ ပိုးမွှား ကာကွယ်နှိမ်နင်းရေးနှင့် ဆေးဘက်ဆိုင်ရာအသိပညာတို့သည် ကျန်းမာရေးနှင့် ပတ်သက်သော တုံ့ပြန်ဆောင်ရွက်မှုများတွင် အဓိကအခန်းကဏ္ဍများမှ ပါဝင်ပါသည်။

➔ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍

- ➔ ဖြစ်လာနိုင်ဖွယ်ရှိသော ခြိမ်းခြောက်မှုများအတွက် စခန်းတွင်နေထိုင်သူများကို တုံ့ပြန်မှု နိုးကြားထက်မြက်စေခြင်း
- ➔ အရေးပေါ်ကိစ္စများ ဖြစ်လာနိုင်ဖွယ်ရှိသော အရပ်ဒေသများအကြောင်း ဆွေးနွေးရန် ရပ်ရွာလူထု ခေါင်းဆောင်များနှင့် ဒေသခံ ရပ်ရွာလူထုကို ညှိနှိုင်းတိုင်ပင်ခြင်း၊
- ➔ အရေးပေါ်အတွက် ပြန်လည်နေရာချထားရန် သင့်တော်သောအရပ်ဒေသများကို ဖော်ထုတ် သတ်မှတ်ခြင်းနှင့် သဘော တူညီခြင်း
- ➔ ရပ်ရွာလူထုခေါင်းဆောင်များကို လုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားခြင်း

➔ ချောက်ခြားထိတ်လန့်ခြင်း မဖြစ်စေရန်သည်လည်း အစဉ် အရေးပါပေသည်။ ဆွေးနွေးပွဲများဖြင့် ဘေးအန္တရာယ်ဖြစ်ရပ်သည် မဖြစ်ပေါ်သေးဘဲ၊ အမှန်တကယ် မဖြစ်ပေါ်ဘဲ ရှိနိုင်သည်ကို သတင်း စကားဖြန့်ဝေသင့်ပါသည်။

## စခန်းစီမံခန့်ခွဲရေးအေဂျင်စီက ဒုက္ခသည်များအတွက် ထည့်သွင်း စဉ်းစားရမည့် ဆောင်ရွက်မှုများ

➔ မီးလောင်မှုအသိရှိရေးသင်တန်းတွင် တားဆီးကာကွယ်ရေးနည်းလမ်းများ၊ မီးလောင်မှုတစ်ခု တွေ့ရှိပါက မည်ကဲ့သို့ဆောင်ရွက်ရမည်၊ သတိပေးချက်ကြားလျှင် မည်ကဲ့သို့ တုံ့ပြန်မည်၊ မီးလောင်မှုတစ်ခုကို မည်ကဲ့သို့ ကိုင်တွယ်ဆောင်ရွက်မည်နှင့် အပူလောင်ခြင်းများအတွက် ရှေးဦးပြုစုကုသခြင်းတို့ ပါဝင်ရပါမည်။

➔ ယာဉ်ထိခိုက်မှုများသည် များသောအားဖြင့် ရိုးစင်းသောလမ်းညွှန်များနှင့် စည်းမျဉ်းများ ပြဋ္ဌာန်းခြင်းဖြင့် လွယ်ကူစွာ လျော့ချနိုင်ပါသည်။ အေဂျင်စီ၏အရွယ်အစားနှင့် ရရှိနိုင်သော လျာထားဘဏ္ဍာငွေတို့သည် အရေးပါသောအကြောင်းအချက်များ ဖြစ်သော်လည်း အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည်။

- ယာဉ်ရွေးချယ်မှု။ ။ မြေပြင်အနေအထားနှင့် လုပ်ဆောင်ရမည့်တာဝန်တို့နှင့် လိုက်လျောကိုက်ညီခြင်း
- ထိန်းသိမ်းခြင်း။ ။ နေ့စဉ်စစ်ဆေးခြင်းနှင့် ပုံမှန်ကာလ အပိုင်းအခြားဖြင့် ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်း
- ယာဉ်မောင်းရွေးချယ်ခြင်း။ ။သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်နှင့် အရပ်ဒေသဆိုင်ရာ ဗဟုသုတ ရှိသူ
- ယာဉ်မောင်းလေ့ကျင့်ခြင်း။ ။အေဂျင်စီ၏ စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ နားလည်လာစေရန်
- မောင်းနှင်ခြင်း စည်းမျဉ်းများ။ ။အထူးသဖြင့် အမြန်နှုန်းနှင့် အကွာအဝေး ပုံမှန်အားဖြင့် ယာဉ်များ သည် စခန်းပတ်ဝန်းကျင်တွင် တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းထက် မကျော်လွန်ရပါ။

➔ ဒုက္ခသည်အားလုံးသည် ဖြစ်လာနိုင်ဖွယ်ရှိသည့်ရောဂါများကို အသိရှိပြီး တစ်ဦးချင်းအနေဖြင့် ထိတွေ့မှုကို လျော့ချရန် အရေးယူဆောင်ရွက်မှုများကို အောက်ပါတို့ကို ထားရှိခြင်း သို့မဟုတ် ထည့်သွင်းစဉ်းစားခြင်းဖြင့် လုပ်ဆောင်နိုင်ကြပါသည်။

- အလုပ်မစမီ ရှင်းလင်းပြောကြားခြင်း
- တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်းနှင့် သောက်ရေသန့် ပုလင်းရှိခြင်း
- ဆေးဝါးညွှန်းခြင်း နှင့် ကာကွယ်ဆေးထိုးခြင်း
- ပိုးမွှားများမှတစ်ဆင့် ကူးစက်သော ရောဂါများမှ ကာကွယ်ရန် အကာအကွယ် အဝတ်အစားများ
- ဒုက္ခသည်များသွားလာမှုကို ကန့်သတ်ထားသည့် တနေ့တာ၏ အချိန်ကာလများ
- ပိုးမွှား/ခြင်ကာကွယ်ရန် ခြင်ထောင်များ အသုံးပြုခြင်း

➔ သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်၍ ပြောင်းလဲသွားသည့် အခြေအနေတစ်ရပ်ကို တုံ့ပြန်ရန် အဓိက လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရပါမည်။ ဤကိစ္စရပ်တွင် လုံခြုံရေးအစီအမံသည် အခြားခြိမ်းခြောက်မှု များအတွက် ဖော်ထုတ်ခဲ့သည့် အစီအမံများနှင့် ကွဲပြားခြားနားနိုင်ပါသည်။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွား ခဲ့လျှင် တိုက်ခိုက်မှုများ ရပ်သွားသည့်တိုင်အောင် နောက်ထပ် အချိန်ကာလတစ်ခုအထိ ဒုက္ခသည်များ စခန်းသို့ မသွားနိုင်စေရန် တားဆီးပိတ်ပင်တားမှု ဖြစ်စေနိုင်ပါသည်။

➔ သဘာဝဘေးအန္တရာယ်ကျရောက်မှု မထိခိုက်စေနိုင်ဟု ကျိုးကြောင်းညီညွတ်စွာ မျှော်မှန်းထားသည့် ရွှေ့ပြောင်းနေထိုင်ရန် အရပ်ဒေသများ၊ ဥပမာ ချော်ရည်စီးဆင်းခြင်းများ၊ ရေလွှမ်းခြင်းများ မှ ထိခိုက်ဖွယ် မရှိသည့် အရပ်ဒေသများကို ဖော်ထုတ် သတ်မှတ်ထားရပါမည်။

➔ စခန်းတွင်း လုပ်ငန်းဆောင်ရွက်နေသော အေဂျင်စီများက ဖြစ်နိုင်သည့်နေရာတွင် အရေးပေါ်ပစ္စည်းများ နှင့် အစီအစဉ်များကို ပြုစုပြင်ဆင်ထားရှိကြရပါမည်။ ၎င်းကို စခန်းတည်ရာအရပ်တွင် သော်လည်းကောင်း ကြိုတင်သတ်မှတ်ထားသည့် အခြားတစ်နေရာ တွင်သော်လည်းကောင်း လုပ်ဆောင်ရပါမည်။

## လက်နက်ကိုင်ပဋိပက္ခ

စခန်းများ၏ အရပ်ဖက်နှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်း ပုံစံလက္ခဏာများသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်း နေထိုင်သူများ၏ ဘေးကင်းလုံခြုံရေး သေချာစေရန်အတွက် အဓိကကျသော ကာကွယ်စောင့်ရှောက်ရေး စံတစ်ခုဖြစ်ပါသည်။ ၎င်းကို အမြဲတမ်း မလိုက်နာကြ၍ နေရာအများအပြားသည် စစ်ပုံစံသွင်းရန် လွယ်သွားကြပါသည်။ အထူးသဖြင့် ပဋိပက္ခအရပ်ဒေသအတွင်း၌ သို့မဟုတ် နီးကပ်စွာတည်ရှိနေသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများတွင် ဤကိစ္စရပ်မျိုး ရှိပါသည်။

စခန်းတစ်ခုကို စစ်ပုံစံသွင်းခြင်း ဆိုသည်မှာ လက်နက်ကိုင်တိုက်ခိုက်နေသူများက စခန်းကို ဖိအားပေးခြင်း သို့မဟုတ် ထိုးဖောက်စိမ့်ဝင်ခြင်း ဖြစ်ပါသည်။ ၎င်းသည် လက်နက်ကိုင်တိုက်ခိုက်သူများ အနားယူရေး၊ အစားအစာနှင့် ဆေးဖက်ဆိုင်ရာ သို့မဟုတ် အခြားဝန်ဆောင်မှုများလက်လှမ်းမီရေး သို့မဟုတ် စခန်းတွင်းနေထိုင်သူများကို အတင်းအကျပ် သို့မဟုတ် ဆန္ဒအလျောက် စစ်သားစုဆောင်းရေးတို့အတွက် စခန်းတွင်းသို့ ထိုးဖောက်စိမ့်ဝင်လာခြင်း ဖြစ်ပါသည်။ ဤကိစ္စရပ်သည် လက်နက်ကိုင်အုပ်စုများ၏ ခြိမ်းခြောက်မှုအဖြစ်တွေမြင်နိုင်ပြီး စခန်းများကို စစ်ပုံစံသွင်းခြင်းက ပြစ်မှုအန္တရာယ်တိုးပွားလာခြင်းနှင့် လူထုဆူပူမှု၊ ကိုယ်ထိလက်ရောက်နှင့် လိင်ပိုင်းဆိုင်ရာ စော်ကားထိပါးမှု တို့များလာခြင်း၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားခြင်း၊ စခန်းတွင်းနေထိုင်သူ အရပ်သားများထံမှ လူသားချင်းစာနာမှုဖြင့် ထောက်ပံ့ကူညီမှုများကို လက်နက်ကိုင်တိုက်ခိုက်သူများထံ လွှဲပြောင်းပေးခြင်းဆီသို့ ဦးတည်သွားနိုင်ပါသည်။ လက်နက်ကိုင်တပ်သားများ စခန်းတွင်ရှိနေခြင်းကြောင့် စခန်းတွင် အလုပ်လုပ်နေသောဝန်ထမ်းများကို စခန်းသို့ သွားလာရေးများကို အတင်းအကျပ် ကန့်သတ်လာနိုင်ပါသည်။ သူတို့ကိုယ်တိုင်သည် ဓားစာခံအဖြစ် ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း စသည်တို့ ပါဝင်သော စိုးရိမ်ဖွယ် လုံခြုံရေးအန္တရာယ်များကို ရင်ဆိုင်ကြရ နိုင်ပါသည်။ စခန်းများသည် လက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်မှုအောက်တွင် ကျရောက်နေလျှင်၊ အစိုးရ အာဏာပိုင်အဖွဲ့များသည် စခန်းတွင်နေထိုင်သူများအား အတင်းအကျပ်ပြန်ပို့ခြင်း သို့မဟုတ် ဒေသခံများနှင့် ပေါင်းစည်းတွဲဖက်ခြင်းကို ကန့်သတ်ခြင်းတို့ဖြင့် တုံ့ပြန်နိုင်ပါသည်။

ထို့ပြင် ဆန္ဒအလျောက် နေရင်းအရပ်သို့ပြန်သွားခြင်း သို့မဟုတ် သူတို့၏မူလနေရာသို့ ပြန်ရာတွင် လက်နက်ကိုင်အုပ်စုများက သော်လည်းကောင်း မူရင်းနိုင်ငံက သော်လည်းကောင်း ဒုက္ခသည်များ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ရ သူများကို ဒုက္ခပေးနိုင်ပါသည်။

စခန်းတစ်ခုကို စစ်ပုံစံသွင်းခြင်းသည် စခန်းနှင့် ဒေသခံလူထုအကြား လွန်ကဲစွာ အနုတ်လက္ခဏာ ဆောင်သည့် သက်ရောက်မှု ရှိနေပါသည်။ အချို့ဖြစ်ရပ်များတွင် တိုက်ခိုက်နေသောအဖွဲ့များသည် တိုက်ခိုက်မှုဖြစ်လာလျှင် စခန်းကို မဟာဗျူဟာအရ လူသားဒိုင်း အဖြစ် အသုံးချနိုင်ပါသည်။ ထိရောက်သော ဘေးကင်းလုံခြုံရေး အစီအစဉ်ကို ပြုစုရေးဆွဲရာတွင် လုပ်ငန်းလုပ်ဆောင်နေသော ပတ်ဝန်းကျင်၊ အခြားလုပ်ဆောင်နေသူများ၊ အန္တရာယ်၏ နောက်ခံ အခြေအနေနှင့် အဆင့်တို့အပေါ်တွင် သက်ရောက်နိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များအား သိနားလည်မှုကို လိုအပ်ပါသည်။ လက်ရှိရှိနေသော သို့မဟုတ် ကြိုတင်မှန်းဆနိုင်သော ဘေးဥပဒ်များနှင့် လိုက်လျောညီထွေဖြစ်မည့် လုံခြုံရေးစနစ်များကို ပြင်ဆင်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဆက်စပ် အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေရန် အရေးကြီးပါသည်။ ဆက်စပ်အခြေအနေ/ လုပ်ငန်း ပတ်ဝန်းကျင်ကို ပြောင်းလဲစေနိုင်သော အညွှန်းများနှင့် စနက်များကို လုံခြုံရေး သတိပေးချက်အဆင့်ဇယားတွင် ဖော်ထုတ် သတ်မှတ်ရပါမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ပြန်ပေးဆွဲမှု တစ်ခုကို ကိုယ်တိုင် တွေ့ကြုံခြင်း

"မိမိတို့ပြန်စဉ်းစားကြည့်လိုက်သောအခါ အဖြစ်အပျက် ဖြစ်လာတော့မည်ကို ညွှန်ပြနေသည့် အကြောင်းလက္ခဏာ ကလေးများ အများအပြား ရှိနေကြပါသည်။ မိမိတို့ကို စောင့်ကြည့်ပြီး ဖုန်းခေါ်ခဲ့သည့် လူအကြောင်းကို သော်လည်း ကောင်း၊ မိမိတို့စီမံကိန်းနေရာသို့ ရောက်သောအခါ ထူးထူးဆန်းဆန်း ပြုမူနေကြသော လူတစ်စုရှိနေသည် ဆိုသည့် အချက်ကို သော်လည်းကောင်း မည်သူကမျှ တစ်စုံတစ်ရာ မပြောလိုကြပါ။"

"ဒုတိယ မော်တော်ယာဉ်ထဲမှ ယာဉ်မောင်းသည် ကောင်းစွာလေ့ကျင့်သင်ကြားထားပြီးသူ ဖြစ်နေပြီး မိမိတို့၏ ယာဉ်တန်းလုပ်ထုံး လုပ်နည်းများကြောင့် လွတ်မြောက်လာနိုင်ကာ သူ့ယာဉ်ထဲမှ မည်သူမျှ မထိခိုက်ခဲ့ပါ။"

"ပြန်တွေးမိရာတွင် ပုံမှန်နားရက်တစ်ရက်၌ လူအများအပြားကို တစ်နေရာတည်းတွင် အတူတကွ လာရောက်ရန် မိမိတို့ စီစဉ်ခဲ့ခြင်းသည် လုံခြုံရေးအရ သတင်းအချက်အလက်များကို ထိန်းသိမ်းထားသည် ဆိုသော မျှော်လင့်ချက်ကို ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်သည်။ အဓိကပုဂ္ဂိုလ်အများအပြား ပါဝင်သည့် မိမိတို့၏ ခရီးစဉ်က ၎င်းတို့အတွက် ပစ်မှတ်တစ်ခုကဲ့သို့ ဖြစ်သွားပါသည်။"

ပြန်ပေးဆွဲမည့် ခြိမ်းခြောက်မှု ရှိသောနေရာဒေသတွင် -

- ဝန်ထမ်းများကို ရန်လိုသောပတ်ဝန်းကျင်အကြောင်း သင်တန်းပေးထားရပါမည်။
- အန္တရာယ်ကျရောက်လွယ်သော/အဆင့်မြင့် ဝန်ထမ်းများ၏ သတင်းအချက်အလက်ကို လုံခြုံအောင် ထိန်းသိမ်းထားရမည်။
- ခြိမ်းခြောက်မှုအတွက် သီးသန့်ရှင်းလင်းပြောကြားခြင်းနှင့် အသိသတိရှိရေး သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။
- တန်ပြန် စုံစမ်းထောက်လှမ်းရေး အရေးယူဆောင်ရွက်မှုများ အကောင်အထည် ဖော်ရမည်။
- ယာဉ်မောင်းများကို လုံခြုံရေးယာဉ်တန်း လုပ်ထုံးလုပ်နည်းများနှင့် ပစ်ခတ်ခံရသောအခါ တုံ့ပြန်ဆောင်ရွက်မှု အတွက် သင်တန်းပို့ချပေးရမည်။
- မည်သည့် သတ်မှတ်ထားသည့် နေရာတွင်မဆို အချိန်ကို အကန့်အသတ် ထားရှိရမည်။
- ချွင်းချက်အနေနှင့် လက်နက်ကိုင် အစောင့်အရှောက်ကို စဉ်းစားနိုင်ပါသည်။

**စခန်းလူထုနှင့်အတူ အကောင်အထည်ဖော်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ထည့်သွင်းစဉ်းစားရမည့် ဆောင်ရွက်မှုများ**

- ➔ ရပ်ရွာလူထုအနေနှင့် စစ်ပုံစံသွင်းခြင်း၏ ဆိုးကျိုးကို သိနားလည်စေရန် သတင်းနှင့် ပြန်ကြားရေး လှုံ့ဆော်မှု များ သို့မဟုတ် အခြားလှုပ်ရှားမှုများ။
- ➔ အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများ ရုတ်တရက်များလာနိုင်ပါက လူထုအား အဓိကခေါင်းဆောင်များမှ တစ်ဆင့် တပ်လှန့်နှိုးဆော်ရန် သတိပေးလုပ်ထုံးလုပ်နည်းများ ထည့်သွင်းစဉ်းစားခြင်း၊
- ➔ တိုက်ခိုက်မှုဖြစ်ပွားပါက စခန်းလူထု အသုံးပြုနိုင်ရန် ကြိုတင်သဘောတူထားသော စုရပ်များ၊ ဘေးကင်း လုံခြုံရာအရပ်များ သတ်မှတ်ခြင်း၊
- ➔ သက်ဆိုင်ရာအေဂျင်စီမှ လျှပ်တစ်ပျက်တုံ့ပြန်မှု စနစ်တစ်ရပ်သည် အရေးပေါ်အတွက် ကြိုတင်ပြင်ဆင် ထားသော အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ရပါမည်။

စခန်းတစ်ခုတွင် လက်နက်ကိုင်တိုက်ခိုက်နေသူများ သို့မဟုတ် နေထိုင်သူများကို လက်နက်ဖြုတ်သိမ်းရေးသည် ရှုပ်ထွေး၍ ဤလုပ်ငန်းစဉ်ကို စီမံခန့်ခွဲနိုင်စွမ်းရှိသော အေဂျင်စီများ သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့များ လိုအပ်မည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေး ထိမ်းသိမ်းရေးတပ်ဖွဲ့များ ရှိနေပြီး သင့်လျော်ပါက ထိုလက်နက်ကိုင်တပ်ဖွဲ့ထံမှ ပံ့ပိုး ကူညီမှုကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ထိုသို့ စဉ်းစားလျှင် ဒေသခံတပ်မှူးကို သွားရောက်တွေ့ဆုံရပါမည်။ ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် သူတို့၏စွမ်းဆောင်ရည်နှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ပြီး သူတို့အား စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ရှိနေခြင်းကို အသိပေးပြီး ဖြစ်ပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုအတွက် အသိပေးလှုံ့ဆော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။ စခန်းအတွင်း လက်နက်ကိုင်များရှိသည်ကို သိရှိပါက အာဏာပိုင်များသို့ အကြောင်းကြားရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလုပ်ငန်း များ စတင်စဉ်ကပင် ဤကိစ္စ ကို စခန်းတွင် အလုပ်လုပ်နေကြသော ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများနှင့် ဆွေးနွေး၍ မည်သူနှင့် သတင်း အချက်အလက်မျှဝေရမည်ကို သဘောတူညီထားရပါမည်။

ရန်လိုတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသော အခြေအနေများနှင့် မြေမြုပ်မိုင်းနှင့် စစ်အကြွင်းအကျန် ပေါက်ကွဲနိုင်သည့်လက်နက်ခဲယမ်းများရှိနေသည့်နေရာများတွင် သက်ဆိုင်ရာအဖွဲ့များနှင့် သင့်လျော်သလိုညှိနှိုင်း၍ သတိပေးလုပ်ငန်းများကို ဆောင်ရွက်ရပါမည်။ ၎င်းကို မိုင်းရှင်းလင်းရေး အထူးပြုအေဂျင်စီတစ်ခု ကသော်လည်း ကောင်း၊ မရှိခဲ့ပါက တာဝန်ပေးထားသည့် အတွေ့အကြုံရှိ အေဂျင်စီတစ်ခုက သော်လည်းကောင်း လုပ်ဆောင်ပေးရ ပါမည်။

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဂန်ထမ်းများအတွက် ထည့်သွင်း စဉ်းစားရမည့် ဆောင်ရွက်မှုများ

- သက်ဆိုင်သောအညွှန်းများနှင့် စနက်များကို ရှင်းလင်းစွာ ဖော်ထုတ်သတ်မှတ်ပေးသည့် နှိုးဆော် သတိပေးအချက်အလက် ဇယားတစ်ခု ပြုစုထားရှိခြင်း၊
- ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆွေးနွေးပွဲများကျင်းပ၍ စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြခြင်း
- စခန်းတွင်းနှင့် ပတ်ဂန်းကျင်အခြေအနေကို စောင့်ကြည့်လေ့လာခြင်း
- ဂန်ထမ်းများကို နှိုးဆော်သတိပေးရန် ကြီးကြပ်ကွပ်ကဲရေးမှူး စနစ်တစ်ရပ် ထူထောင်ခြင်း
- ဂန်ထမ်းများကို လက်ရှိအခြေအနေအကြောင်း ရှင်းလင်းပြောကြားခြင်း
- လက်နက်ကိုင် ပဋိပက္ခကို တုံ့ပြန်ရေး သင်တန်း ဖွင့်လှစ်ပို့ချခြင်း
- အရေးပေါ် လုပ်ထုံးလုပ်နည်းများ ပါဂင်ထည့်သွင်းခြင်း
- အမာခံ အကာအကွယ်များ (ကျည်ကာ လုံခြုံရေးအခန်းများ သို့မဟုတ် ကတုတ်ကျင်းများ)
- သက်ဆိုင်သောသင်တန်းပေးခြင်းနှင့် သင့်လျော်သောပစ္စည်းများ ထောက်ပံ့ခြင်းဖြင့် ရှေးဦးပြုစုခြင်း စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း
- အရေးပေါ်ကယ်ထုတ်ရေး/ ပြောင်းရွှေ့နေရာချထားရေး လုပ်ထုံးလုပ်နည်းများကို အသိပေးထား၍ လေ့ကျင့်ပေးခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စစ်ပုံစံသွင်းခြင်းနှင့် ဆက်စပ်အခြေအနေတွင် ပြောင်းလဲမှုများကို မည်ကဲ့သို့ စောင့်ကြည့် ကြီးကြပ်ရန်နှင့် ခြိမ်းခြောက်မှုများပြားလာခြင်းကို ညွှန်ပြသည့်အညွှန်းများ အကြောင်းတို့ကို အဓိကဂန်ထမ်းများအား သင်တန်းပေး ထားရပါမည်။ ထို့နောက် အပြောင်းအလဲများကို စောင့်ကြည့်လေ့လာနိုင်ရန် အတွက် စီမံခန့်ခွဲရေးအဖွဲ့ထံ သို့မဟုတ် လုံခြုံရေး တာဂန်ခံပုဂ္ဂိုလ် (focal point) တစ်ဦးထံသို့ သတင်းပေးပို့ နိုင်မည့် ထိရောက်သော စနစ်တစ်ရပ်ကို ထူထောင်ရပါမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - နိုင်ငံရေးထောက်ခံမှု အတွက် မေတ္တာရပ်ခံခြင်း

"မြို့ထဲတွင် နိုင်ငံရေး လူထုထောက်ခံပွဲတစ်ခု မကျင်းပမီတစ်ရက်က စခန်းသို့ စစ်တပ်များ လာရောက်၍ စခန်း ခေါင်းဆောင်အား စခန်းရပ်ရွာလူထုအတွင်း ထောက်ခံသူများအား စုစည်းပေးရန် မေတ္တာရပ်ခံပါသည်။ သူတို့ ပေးခိုင်းလိုက်သော သတင်းစကားမှာ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် အိမ်ရာစီမံကိန်းအကြောင်း နောက် တစ်နေ့တွင် မြို့ထဲ၌ ကျင်းပမည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖြစ်ပါသည်။ သို့သော်လည်း နောက်တစ်နေ့ တွင် လူစုရန် ဘတ်(စ)ကား ရောက်လာသောအခါ စခန်းတွင်းနေသူအချို့သည် သွားရောက်ရန် တုံ့ဆိုင်း နေကြပါသည်။ စစ်တပ်က စခန်းခေါင်းဆောင်ကို ခြိမ်းခြောက်၍ ရပ်ရွာလူထုကို မည်သည့်အတွက်ကြောင့် ပိုမိုဆွဲဆောင်ရန် မဆောင်ရွက်ခဲ့သည်ကို မေးမြန်းခဲ့ပါသည်။ အခြားလုပ်ဆောင်ရန် အခြေအနေ မရှိ၍ စခန်း ခေါင်းဆောင်သည် သူ၏မိတ်ဆွေအချို့နှင့် ကားပေါ်တက်လိုက်သွားပြီး ဒေသခံ ရွှေ့ပြောင်းနေထိုင်ရသူများထံမှ အခြားထောက်ခံသူများနှင့်အတူ လူထုထောက်ခံပွဲကို တက်ရောက်ခဲ့ပါသည်။"

ဤ ဥပမာက ကိစ္စရပ်အတော်များများကို ထုတ်ဖော်လာပါသည်။

- လုံခြုံရေး တာဂန်ခံပုဂ္ဂိုလ် (focal point) များသည် ဆက်စပ်အခြေအနေတွင် ထိခိုက်လွယ်သော ပြောင်းလဲမှုကို အသိရှိ၍ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများကို ဂန်ထမ်းများနှင့် နေထိုင်သူများအတွက် ကျရောက်နိုင်သည့် ခြိမ်းခြောက်မှုများ အကြောင်း ရှင်းလင်းပြောကြားရပါမည်။
- ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီများသည် ခြိမ်းခြောက်မှုများအား လျှို့ဂှက်သတင်းပို့ခြင်းအတွက် လမ်းကြောင်း တစ်ခု ထူထောင်ပေးရပါမည်။
- စခန်းတွင်းရှိရပ်ရွာလူထုအားစစ်ပုံစံသွင်းခြင်း၏ဘေးအန္တရာယ်များအပေါ် တုံ့ပြန်တတ်လာစေရန်လုပ်ဆောင်ပေးရပါမည်။
- စခန်းဆီသို့ လက်လှမ်းမီလာရောက်နိုင်စေရေးအတွက် တာဂန်ရှိသော လုံခြုံရေးတပ်ဖွဲ့များအား စစ်တပ်များရှိနေခြင်း အပေါ် ကိုင်တွယ်ဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးရပါမည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုအတွက် အချို့သောအခြေအနေများတွင် စစ်တပ်သည် လူသားချင်းစာနာမှုလုပ်ငန်းများ၌ တာဂန်ရှိမှုကိုဖြည့်ဆည်းရန်အတွက် ပါဂင်ပတ်သက်နိုင်သည်ကို သိရှိထားရန် အရေးကြီးပါသည်။ ၎င်းသည် စခန်းရှိဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ သို့မဟုတ် ပတ်ဂန်းကျင်ဒေသများနှင့် ဒေသတွင်း နေထိုင်သူများကို လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ လူ

သားချင်းစာနာမှုလုပ်ငန်းများနှင့် ဝန်ထမ်းများကို လုံခြုံမှုပေးခြင်း သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေး လုပ်ဆောင်ပေးခြင်းတို့နှင့် ချိတ်ဆက်နေနိုင်ပါသည်။

ထိုလုပ်ငန်းများလုပ်ဆောင်ရာတွင် လူသားချင်းစာနာမှုရည်ရွယ်ချက်နှင့် မရောထွေးဘဲ အနီးကပ်ညှိနှိုင်းဆက်သွယ်ရေး အစီအစဉ်များ၊ ရှင်းလင်းသော သတင်းအချက်အလက် မျှဝေမှုကွန်ယက်များ ထူထောင်ရန်နှင့် ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ပွင့်လင်းမြင်သာမှုရှိရေး သေချာအောင်ဆောင်ရွက်ရန် တို့ကို လိုအပ်ပါသည်။ စစ်တပ် နှင့်အတူ အလုပ်လုပ်ရေးအတွက် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASC) ၏ လမ်းညွှန်များကို စခန်းအတွင်းနှင့် စခန်းအချင်းချင်း အဆင့်နှစ်ခုစလုံးတွင် နည်းဗျူဟာ အစီအစဉ်များရေးဆွဲရာ၌ ထည့်သွင်းပါဝင်ရန် လိုအပ်ပါသည်။

## အရပ်ဖက် စစ်ဖက် ဆက်ဆံရေးများ

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအနေနှင့် ၄င်း၏ ကြားနေခြင်း ဂိုဏ်းမခွဲခြင်း ဝိသေသလက္ခဏာကို ထိန်းသိမ်းရန် အတွက် စစ်ရေးလုပ်ငန်းမှ ရှင်းလင်းစွာ ခွဲခြားသိမြင်စေရန် အလွန်အရေးကြီးပါသည်။ ဤကွဲပြားခြားနားမှုကို မလိုက်နာပါက လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းနှင့် စစ်ရေးလုပ်ငန်းတို့ ရောယှက်လာပါမည်။ နောက်ဆုံးတွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်ရသူများကို ဂရုဏ်ဆောင်မှုပေးရန် လူသားချင်းစာနာမှုလုပ်ဆောင်သူများ၏ စွမ်းဆောင်ရည်ကို အလွန်အမင်း လျော့ကျသွားစေနိုင်ပါသည်။

အကောင်းဆုံးမှာ လတ်တလော အရေးပေါ်အဆင့် ကျော်လွန်သွားပြီးသည်နှင့် တစ်ပြိုင်နက် လက်နက်ကိုင်တပ်ဖွဲ့ များနှင့် စစ်ဖက်အုပ်စုများက တည်ဆောက်ပေးသော စခန်းများကို အရပ်ဖက်အာဏာပိုင်အဖွဲ့များနှင့် အဖွဲ့အစည်းများက စီမံခန့်ခွဲရပါမည်။ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ အခန်းကဏ္ဍကို လုံခြုံရေးပေးခြင်းအတွက်သာ ကန့်သတ်ထားရပါမည်။ IASC ၏ လူ့အခွင့်အရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာလမ်းညွှန်မှ သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရသူများအား ကာကွယ် စောင့်ရှောက်ခြင်း A 4.6 တွင်ကြည့်ပါ။

အချို့သော ဆက်စပ်အခြေအနေများတွင် စစ်တပ်က စခန်းများထူထောင်၍ ဆက်လက်လုပ်ဆောင်ပါသည်။ ၄င်းသည် တစ်ခုတည်းသော ရွေးချယ်စရာ ဖြစ်နိုင်သကဲ့သို့ စစ်တပ်သည် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် လုံလောက်စွာ အခွင့်အာဏာ မြင့်မားနေခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

လူသားချင်းစာနာမှုလုပ်ငန်းများကို စစ်ဖက်အရင်းအမြစ်များက ထောက်ပံ့ကူညီမပေးခဲ့လျှင် အပြင်းအထန် ဟန့်တားခံရ သို့မဟုတ် လျော့ချခံရနိုင်ဖွယ်ရှိသောနေရာများတွင် အရေးပေါ်လုပ်ငန်းများကို အလွန်စစ်ဖက်ပုံစံဆောင်သော အခြေအနေများတွင် ပို၍လုပ်ဆောင်နေကြရပါသည်။ ၄င်းသည် အချို့သောအခြေအနေများတွင် စစ်ဖက်၏ ထောက်ပံ့ ကူညီမှုမှာ လိုအပ်ချက်တစ်ရပ်အဖြစ် ဆက်လက်ရှိနေဦးမည်ကို အသိအမှတ်ပြုလျက် ကြားနေမှု ထိန်းသိမ်းထားခြင်းနှင့် လူသားချင်းစာနာမှုလုပ်ငန်း၏ လွတ်လပ်မှုတို့အကြား ထိန်းညှိခြင်းတစ်ရပ်ကို ရှာကြံရန် လိုအပ်သည့် လွန်စွာရှုပ်ထွေးသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။

တစ်ဖက်တွင် အပြန်အလှန် အကျိုးပြုမှု ဖြစ်ပေါ် လာသော ကိစ္စရပ်အားလုံးတွင် ဆက်စပ်အခြေအနေနှင့် ၄င်းမှ ရရှိလာမည့် သက်ရောက်မှုတို့ကို သတိရှိရန် အရေးကြီးပါသည်။ ဆက်စပ်အခြေအနေသည် အချိန်အခါအလျောက် ပြောင်းလဲ နိုင်သည်ကိုလည်း သတိရှိရန် အရေးကြီးပါသည်။ တစ်ချိန်က အများစုမှ နှစ်သက်လက်ခံခဲ့သော စစ်တပ် ရှိနေခြင်းကို မကြိုဆို လက်မခံ ဖြစ်လာနိုင်ပြီး၊ စခန်းတွင်းနေထိုင်သူများ နှင့်/သို့မဟုတ် အခြားလက်နက်ကိုင်အဖွဲ့ များ၏ အကြမ်းဖက်မှု ပစ်မှတ်ဖြစ်လာသည်အထိ ရောက်ရှိသွားနိုင်ပါသည်။

အရပ်ဖက်နှင့် စစ်ဖက်ဆောင်ရွက်သူများအကြား ဆက်ဆံရေးများကို မည်ကဲ့သို့ ပြုမူဆောင်ရွက်ရမည့်အပေါ် လမ်းညွှန်ပေါ်လစီ အများအပြား ရှိပါသည်။ အေဂျင်စီအများအပြားသည် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက် ကိုင်တပ်ဖွဲ့များနှင့် အပြန်အလှန် အကျိုးပြုမှုအပေါ် သူတို့၏ ကိုယ်ပိုင် လမ်းညွှန်များ ရှိနေမည်ဖြစ်ပါသည်။

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေးအခြေခံသော အကြမ်းဖက်မှု နှင့် အကြမ်းဖက်လုပ်ရပ်များ

### အကြမ်းဖက်ခြင်း ဆိုတာဘာလဲ။

ဤစာအုပ်တွင် အကြမ်းဖက်ခြင်း ((Terrorism) ဟူသောစကားရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံ (၁၉၉၄) က အဓိပ္ပါယ်ဖွင့်ဆိုသည့်အတိုင်း အသုံးပြုပါသည်။"နိုင်ငံရေး ရည်ရွယ်ချက်အတွက် အများပြည်သူ၊ လူတစ်စု သို့မဟုတ် သီးသန့်အုပ်စုတစ်စုအား ကြောက်ရွံ့ထိတ် လန့်စေရန် ရည်ရွယ်တွက်ချက်၍ လုပ်ဆောင်သည့် ပြစ်မှုလုပ်ရပ်များသည် နိုင်ငံရေး၊ ဒဿနိက၊ အတွေးအမြင်၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အခြားမည်သည့်သဘောတရားအရပင် ဖြစ်စေကာမူ မည်သည့်အခြေအနေ တွင်မဆို မှန်ကန်တရားမျှတသည်ဟု လက်ခံနိုင်ဖွယ်မရှိပါ။"

စခန်းတစ်ခုအတွင်း အကြမ်းဖက်လုပ်ရပ်များ၏ ရည်ရွယ်ချက်များသည် နှစ်မျိုးနှစ်စား ဖြစ်နိုင်ပါသည်။

- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် အခြားအေဂျင်စီများ သို့မဟုတ် သူတို့၏ မူလအစိုးရကို ဆန့်ကျင်ကြောင်း ဖေါ်ပြကြေငြာလို၍ဆောင်ရွက်ခြင်း။ ရည်ရွယ်ချက်မှာ အေဂျင်စီများ ထွက်ခွာသွားစေရန်၊ အပြုအမူများ ပြောင်းလဲစေရန်အတွက် ဖိအားပေးရန် သို့မဟုတ် နိုင်ထက်စီးနင်းပြု၍ ရန်ပုံငွေရှာရန် ဖြစ်သည်။
- ➔ စခန်းတွင်းနေထိုင်ကြသူများ သို့မဟုတ် ပစ်မှတ်ထားသည့် မျိုးနွယ်အုပ်စုတစ်စုအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖန်တီး၍ ရွေးကောက်ပွဲများကို သပိတ်မှောက်စေရန် တွန်းအားပေးခြင်း၊ သို့မဟုတ် သူတို့အပေါ် ဆန့်ကျင်အရေးယူဆောင်ရွက်မှုများအတွက် လက်တုံ့ပြန်ခြင်း

ထို့ကြောင့် ခြိမ်းခြောက်မှု၏ သဘောသဘာဝသည် ကွဲပြားခြားနား၍ ကြီးမားသောတိုက်ခိုက်မှုများ၊ လက်ပစ်ဗုံး သို့မဟုတ် ဗုံးခွဲတိုက်ခိုက်မှုများ၊ ပစ်မှတ်ထား လုပ်ကြံသတ်ဖြတ်မှုများ သို့မဟုတ် အနှံ့အပြား ပစ်ခတ်ခြင်း၊ အတင်းအကျပ် စစ်သားစုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းနှင့် ပြန်ပေးဆွဲခြင်းများ ပါဝင်နိုင်ပါသည်။ အကြမ်းဖက်သမားများသည် တရားမဝင်အသက်မွေးမှုကဲ့သို့သော ရာဇဝတ်မှုလုပ်ငန်းများကိုလည်းစီမံခန့်ခွဲနိုင်ပါသည်။စင်စစ်အားဖြင့်ပြစ်မှုနှင့်လက်နက်ကိုင်ပဋိပက္ခတို့အကြားအဓိကခြားနားချက်မှာ ပြစ်မှုကျူးလွန်သူများက သာမန်အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ကြ၍ အကြမ်းဖက်အုပ်စုက သီးသန့်နိုင်ငံရေး ရည်မှန်းချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များ စီစဉ် လုပ်ဆောင် ခြင်းသာ ဖြစ်ပါသည်။

အမှန်တကယ်ကျူးလွန်ကြသော ခြိမ်းခြောက်မှုအများအပြားသည် လက်နက်ကိုင်ပဋိပက္ခ၊ ပြစ်မှုနှင့် လူထုဆူပူမှုတို့တွင် အတူတူပင်ဖြစ်၍ ဤနေရာ၌ နောက်ထပ် စိစစ်သုံးသပ်ခြင်း မပြုတော့ပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းတွင်း နေထိုင်သူများ နှစ်ဦးစလုံးအတွက် အဓိကအလုပ်မှာ အကြမ်းဖက်အုပ်စုက မည်သည့် ဝန်ထမ်း သို့မဟုတ် စခန်းတွင်း နေထိုင်သူအုပ်စုကို ပစ်မှတ်ထားသည်ကို ဖော်ထုတ်သတ်မှတ်ရေး ကြိုးပမ်းအားထုတ်ရန် ဖြစ်ပါသည်။

ဤသို့ လုပ်ဆောင်ခြင်းဖြင့် လိုအပ်သည်ဟု ယူဆပါက၊ အချို့သောဝန်ထမ်းများကို ပြန်လည်ရုပ်သိမ်းခြင်း၊ စခန်းတွင်း နေထိုင်သူ တစ်စိတ်တစ်ပိုင်းကို ပြန်လည်နေရာချထားခြင်း သို့မဟုတ် အန္တရာယ်ကျရောက်နိုင်ခြေ အများဆုံး ရှိသည့် ဝန်ထမ်းများ၊ စခန်းတွင်းနေထိုင်သူများအတွက် အထူးဆောင်ရွက်မှုများဖြင့် လက်ဦးမှုရယူခြင်းတို့ကို ခွင့်ပြုပေးနိုင်မည် ဖြစ်ပါသည်။

## ဝန်ထမ်းလုံခြုံရေး စီမံခန့်ခွဲမှုအတွက် စဉ်ဆက်မပြတ်တာဝန်များ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကောင်းမွန်သောလုံခြုံရေးစနစ်များ နေရာတကျ ရှိနေသည်ကို အတတ်နိုင်ဆုံး သေချာအောင် ဆောင်ရွက်ရပါမည်။ ဤစနစ်များနှင့် ဆက်စပ်အရေးယူဆောင်ရွက်မှုများကို စခန်းအတွက် သီးသန့်လုံခြုံရေး အစီအမံတွင် အကျဉ်းချုပ် ဖော်ပြပါမည်။ လုံခြုံရေးအစီအမံသည် စခန်းပတ်ဝန်းကျင်အတွင်း ဘေးကင်းလုံခြုံစွာနှင့် သေချာစွာ အလုပ်လုပ်နိုင်ရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများအားလုံးကို ရှင်းလင်းစွာခြုံငုံဖော်ပြပေးပြီး လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ် ဆန်းစစ်သုံးသပ်ခြင်းပေါ်တွင် အခြေခံပါသည်။ အစီအစဉ်တွင် စခန်းတွင်းနှင့် အနီး ပတ်ဝန်းကျင်အခြေအနေအကြောင်း နောက်ဆုံးရ သတင်းအချက်အလက်၊ ခြိမ်းခြောက်မှု ဆန်းစစ်သုံးသပ်ချက်များ၊ အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှု စိစစ်သုံးသပ်ချက် ပုံမှန်အစီရင်ခံခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ရေးစနစ် များ ပါဝင်ပါမည်။ ဖြစ်စဉ်သတင်းပို့ခြင်းနှင့် ဝန်ထမ်းများအား ရုံးချိန်အတွင်းရော ရုံးချိန်ပြင်ပပါ လုံခြုံရေးကိစ္စရပ်များ ထောက်ပံ့ကူညီပေးခြင်း တို့အတွက် စနစ်များ နေရာတကျ ရှိနေရပါမည်။

## လုံခြုံရေး အစီအစဉ်များ

လုံခြုံရေးအစီအစဉ်တစ်ရပ်သည် သိမှတ်ထားသည့် ခြိမ်းခြောက်မှုတစ်ခု၏ အန္တရာယ်ကျရောက်လွယ်မှုကိုလျော့ချရန်ရည်ရွယ်၍ ပြုမူဆောင်ရွက်ရန် နည်းလမ်းများကို ဖော်ပြထားသည့် မှတ်တမ်းဖြစ်သောကြောင့် ထိုခြိမ်းခြောက်မှုက ပေးနိုင်သည့် အန္တရာယ်ကို လျော့နည်းစေရန်ဖြစ်ပါသည်။ ထိုလုံခြုံရေးအစီအစဉ်က အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာမည့် ဖြစ်နိုင် ခြေကိုလျော့ချရန်အတွက် တားဆီးကာကွယ်ရေး လုပ်ငန်းအဆင့်များနှင့် အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည့်အခါ သက်ရောက်မှုကိုလျော့ချရန် လုပ်ငန်းအဆင့်များကို ရှင်းလင်းဖော်ပြပေးပါသည်။ ဥပမာ အစောင့်တစ်ယောက်သည် အဆောက်အဦတစ်ခုကို ဘယ်နှစ်ကြိမ် ကင်းလှည့်ကြည့်ရှုရမည်၊ မည်သည့် လက်နက် ကိရိယာများ ယူဆောင်ရမည်နှင့် အဖြစ်အပျက်တစ်ခုဖြစ်လာပါက ဘာလုပ်ရမည်တို့ကို သိရှိနိုင်ပါမည်။

အဆောက်အဦများလုံခြုံရေး၊ အေဂျင်စီ၏ ပိုင်ဆိုင်မှုများ၊ ဝန်ထမ်းခရီးစဉ်များ၊ ဆက်သွယ်ရေး၊ လုံခြုံရေးဖြစ်စဉ်များအား တုံ့ပြန်မှုနှင့် ကယ်ထုတ်ရေးအစီအစဉ်များ အတွက် စံပြု လုပ်ထုံးလုပ်ငန်းများ နေရာတကျ ရှိနေရပါမည်။ လုံခြုံရေးအစီအစဉ်တွင် များသောအားဖြင့် ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ၊ ဥပမာ ဝန်ထမ်းများကို မရည်ရွယ်သော ဘေးဥပါဒ်များမှ တားဆီးကာကွယ်ရန် ဒီဇိုင်းထုတ်ထားသော ဘေးကင်းလုံခြုံရေး ထိုင်ခုံခါးပတ်၊ အမြန်နှုန်း ကန့်သတ် ချက် လေးစားလိုက်နာမှု စသည်တို့ ပါဝင်ကြပါသည်။ လုံခြုံရေးစည်းမျဉ်းများကို အများဆုံး အလေးထားလိုက်နာပါက လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများက ဖြစ်ပေါ်စေသောအန္တရာယ်ကိုလည်း လျော့ချပေးပါလိမ့်မည်။ ဝန်ထမ်းအားလုံး သည် ဤကဲ့သို့သော လုပ်ထုံးလုပ်နည်းများကို သိရှိရင်းနှီးပြီး ဖြစ်နေရပါမည်။ အေဂျင်စီတစ်ဖွဲ့ချင်းအနေနှင့် ကိုယ်ပိုင် လုံခြုံရေးစီမံခန့်ခွဲမှု အစီအစဉ်များ ရှိနေစေကာမူ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ဤအစီအစဉ်များကို သိရှိထားပြီး၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အေဂျင်စီများ၏ ဝန်ထမ်းအားလုံးကို လွှမ်းခြုံမှုရှိကြောင်း သေချာအောင် လုပ်ဆောင်ရန် အရေးကြီးပါသည်။ ထိုအတွက် စခန်းအတွင်း အလုပ်လုပ်နေကြသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၏ ဝန်ထမ်းများအပါအဝင် ဝန်ထမ်းအားလုံးအား စတင်ရောက်ရှိလာသည့်အချိန်တွင် ပုံမှန်အမြဲ ရှင်းလင်းပြောကြားခြင်းဖြင့် ပြီးမြောက်နိုင်ပါသည်။ ထို့ပြင် အခြေအနေအရ လုံခြုံရေးအတွက်တာဝန်ရှိသော သက်ဆိုင်ရာဝန်ထမ်းများအားလုံခြုံရေးဆိုင်ရာနောက်ဆုံးအခြေအနေကိုအပတ်စဉ်ရှင်းပြခြင်းအား ထည့်သွင်း စဉ်းစားနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စခန်းညှိနှိုင်းဆောင်ရွက်ရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM) အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အေဂျင်စီများနှင့် ဆက်သွယ်ညှိနှိုင်းလျက် ရေဒီယိုဆက်သွယ်ရေး၊ တကိုယ်ရေ လုံခြုံမှုနှင့် ယာဉ်မောင်းသင်တန်းတို့အတွက် စီစဉ်ဆောင်ရွက်နိုင်ပါသည်။

စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် မိမိတို့၏ ဝန်ထမ်းအားလုံး လုံခြုံရေးလမ်းညွှန်များ၊ အစီအစဉ်များကို ကောင်းစွာ သိရှိထားပြီး အစီအစဉ်၏ လုပ်ထုံးလုပ်နည်းများအတွက် သင်တန်းတက်ရောက်ပြီးကြောင်းကိုလည်း သေချာစေရပါမည်။ ၎င်းတို့တွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ အနည်းဆုံးအနေဖြင့် လုံခြုံရေးအစီအစဉ်များ၊ ကယ်ထုတ်ရေးအစီအစဉ်များနှင့် ဆေးဖက်ဆိုင်ရာ အစီအစဉ် အပါအဝင် လုံခြုံရေးမှတ်စု အမျိုးမျိုးကို ရှင်းလင်းပြောပြခြင်း၊
- ➔ သွားလာရေးနှင့် ဆက်သွယ်ရေး စံပြုလုပ်ထုံးလုပ်နည်းများ သင်တန်း ကဲ့သို့သော သက်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊
- ➔ ပြောင်းရွှေ့နေရာချထားရေးနှင့် ကယ်ထုတ်ရေးအစီအစဉ်များအတွက် လမ်းကြောင်းကို ကြည့်ရှုလေ့လာ ခြင်း အပါအဝင် အရေးပေါ်အစီအစဉ်များကို ရှင်းလင်းပြောပြခြင်းနှင့် လက်တွေ့လေ့ကျင့်ခြင်း
- ➔ အစီရင်ခံစာတွင် ဘယ်လို၊ ဘယ်အချိန်တွင် ဘာဖြစ်သည်လဲ စသည်တို့ကို အလေးထားဖော်ပြသည့် ဖြစ်စဉ် အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြခြင်း၊

၎င်းသည် ဝန်ထမ်းအဖွဲ့ဝင်အားလုံး၏ လုံခြုံရေးအတွက်သာမက တူညီသောလုပ်ငန်းခွင်ရှိ လုပ်ဖော်ကိုင်ဖက်အားလုံး၏ လုံခြုံရေး အတွက် အရေးကြီးပါသည်။ ပဋိပက္ခပတ်ဝန်းကျင်များတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် သူတို့၏ စခန်းအမာခံ ကွင်းဆင်း ဝန်ထမ်းများအတွင်း လုံခြုံရေးအရာရှိ သို့မဟုတ် လုံခြုံရေး focal point ထားရှိရန် အကြံပြု ထောက်ခံပါသည်။

### လုံခြုံရေးအတွက် နည်းလမ်းသုံးရပ်

ဤအခန်းတစ်လျောက်လုံး ဖေါ်ထုတ်သတ်မှတ်သည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအတွက် အကြံပြုချက်များ ပါရှိထားပြီး ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လုံခြုံရေး

အန္တရာယ်များအတွက် စဉ်းစားနိုင်သည့် နည်းလမ်းသုံးရပ်ရှိပြီး၊ ၎င်းတို့မှာ လက်ခံစေခြင်း၊ ကာကွယ်စောင့်ရှောက် ခြင်းနှင့် ခြိမ်းခြောက်ဟန့်တားခြင်းတို့ ဖြစ်ကြပါသည်။ လုံခြုံရေးအတွက် ဤနည်းလမ်းသုံးရပ်ကို လိုက်နာ လုပ်ဆောင်ခြင်းဖြင့် အေဂျင်စီတစ်ခုသည် လုံခြုံမှုမရှိသော ပတ်ဝန်းကျင်တစ်ခုတွင် ဝန်ထမ်းများကို ကာကွယ် စောင့်ရှောက်ရေးအတွက် အများသိထားသည့် လုံခြုံရေး ဩဂံကို ဖွဲ့စည်းထူထောင်ရန် ကြိုးပမ်းအားထုတ်ပါသည်။

**လက်ခံစေခြင်း နည်းလမ်း**

စခန်းတွင်းနေထိုင်သူများ နှင့် ဒေသခံလူထုမှ လက်ခံစေခြင်း နှင့် ချစ်ကြည်ရေး

**ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်း**

ခြိမ်းခြောက်မှုများအား လျှော့ချရန် ရုံးခန်းအား အစောင့်ထားခြင်းမှ ကယ်ထုတ်ရေးအထိ အစီအစဉ်များ၊ ဉပမာ ရေဒီယို များ၊ အစောင့်များ၊ ပြတင်းပေါက်သံပန်းများ စသည်တို့အထိ ပါဝင်လွှမ်းခြုံသော ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများ လုပ်ဆောင်ပါသည်။

**ခြိမ်းခြောက်ဟန့်တားခြင်း နည်းလမ်း**

ခြိမ်းခြောက်သူများကို လက်တုံ့ပြန်မှုဖြင့် ပြန်လည်ခြိမ်းခြောက်ခြင်း၊ ဉပမာ တက်ကြွစွာ ကင်းလှည့်ခြင်း၊ တရားဉပဒေ၊ စီးပွားရေး သို့မဟုတ် နိုင်ငံရေးအရ ပိတ်ဆို့အရေးယူခြင်းများ။ ၎င်းသည် ပုံမှန်အားဖြင့် လူသားချင်းစာနာထောက်ထား မှု အဖွဲ့အစည်းများတွင် မရှိပါ။ အေဂျင်စီများသည် စီမံကိန်းများ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းကို ခြိမ်းခြောက် ဟန့်တားမှုအဖြစ် အသုံးပြုနိုင်ပါသည်။ ၎င်းတို့ကို European Commission Humanitarian Aid and Civil Protection ECHO Security Guide တွင် ရှင်းလင်းဖော်ပြထားပါသည်။

ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်း



ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်း	ခြိမ်းခြောက်ဟန့်တားခြင်း နည်းလမ်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ၎င်း၏နည်းလမ်းများ သို့မဟုတ် ပေါင်းစပ်နည်းလမ်းများအား ချမှတ်ရာတွင် ၎င်း၏ ရည်ရွယ်ချက်များကို သေချာစွာ ထည့်သွင်းစဉ်းစားရပါမည်။

**လုံခြုံရေးအတွက် နည်းလမ်းများ**

**လက်ခံစေခြင်း နည်းလမ်း**

ရွှေ့ပြောင်းနေထိုင်ရသော ရပ်ရွာလူထုနှင့် ကောင်းမွန်သော ဆက်ဆံရေးတစ်ရပ် ထူထောင်ရန် စီမံခန့်ခွဲမှုအေဂျင်စီ နှင့် ၎င်းကို ကိုယ်စားပြုသော ဝန်ထမ်းအားလုံးသည် တက်ကြွစွာ တသမတ်တည်း လုပ်ဆောင်ကြရပါမည်။ ၎င်းက တန်ဖိုးရှိသော လုံခြုံရေး သတင်းအချက်အလက်များကို လက်လှမ်းမီမှုရရှိစေမည်ဖြစ်ပြီး လက်ခံခြင်းနှင့် ယုံကြည်မှု တို့ကိုလည်း ဖြစ်ထွန်းစေမည် ဖြစ်သဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် မရှိမဖြစ် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီဝန်ထမ်းများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာမူများဖြစ်သည့် ကြားနေမှုနှင့် သမာသမတ်ကျမှု တို့ကို အစဉ်ထိန်းသိမ်းထားရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းများသည် ဘာသာရေးနှင့် ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများကို သိရှိထားရပါမည်။

ဆံပင်များကို ဖုံးအုပ်ထားရန် လိုအပ်သော အမျိုးသမီးများကိုသာ ရည်ညွှန်းသည်ဟု အများအားဖြင့် ထင်မှတ်တတ်ကြ သည့် သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်ရန် သတိမှတ်ချက်များသည် ဆက်စပ်အခြေအနေတစ်ခုစီတွင် အရေးပါသော အမှတ်အသားများဖြစ်သည်ကိုလည်း မှတ်သားထားပါ။ အဝတ်အစားနှင့် ဖီးလိမ်းခြင်းတို့သည် ဖက်ရှင် အတွက် ဖြစ်ခဲလှပြီး နိုင်ငံရေး သို့မဟုတ် မျိုးနွယ်စုဆိုင်ရာ ဆိုလိုချက်များ သယ်ဆောင် ပါရှိလာနိုင်ပါသည်။ အာဖရိက တိုက် ဆဟာရဒေသငယ်တွင် အမျိုးသားများသည် သန့်ရှင်းသပ်ရပ်စွာ မုတ်ဆိတ်ကျင်စွယ် ရိတ်ထားသည်ကို မျှော်လင့်ကြသော်လည်း အရှေ့အလယ်ပိုင်းနှင့်

အာရုတိုက် အစိတ်အပိုင်းများတွင် ကောင်းစွာထိန်းသိမ်းထားသည့် မှတ်ဆိတ်ကျင်စွယ်ကို ပိုမို လက်ခံနိုင်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းများသည် ပြင်းထန်သည့် ဖိစီးမှု အခြေအနေများအောက်တွင် အလုပ်လုပ်နေရသည့်တိုင်အောင် တစ်ချိန်လုံး စံနမူနာပြ အပြုအမူများကို ပြသရမည်ဖြစ်ပြီး ၎င်းတို့အပေါ် မည်ကဲ့သို့ သဘောပေါက်ခံယူ သည်ကို သတိရှိနေရပါမည်။ ရိုင်းပြခြင်း၊ မာနကြီးခြင်း၊ နားမထောင်လိုခြင်း၊ ယဉ်ကျေးမှုစံများကို လေးစားလိုက်နာမှု မရှိခြင်းနှင့် မဖော်ရွေသော အပြုအမူများသည် အေဂျင်စီအပေါ် အများယုံကြည်လက်ခံနိုင်မှုအား အလွန်ဆိုးရွားသော သက်ရောက်မှုရှိစေမည် ဖြစ်ပြီး ဝန်ထမ်းများ၏ လုံခြုံရေးကို ထိခိုက်စေပါမည်။ ဝန်ထမ်းအားလုံးသည် အလုပ်ဝင်စနှင့် ထိုနောက်ပိုင်း ပုံမှန် သင်တန်းပို့ချပေးရမည့် ကျင့်ဝတ်စည်းမျဉ်းများ အပါအဝင် အသက်မွေးပညာရှင်ဆိုင်ရာ စံနှုန်းများကို တိကျစွာ လိုက်နာစောင့်ထိန်းရပါမည်။ ထိုကဲ့သို့သောသင်တန်းများကို အကြိမ်မည်မျှ ဖွင့်လှစ်ပို့ချရမည်ကို ဆုံးဖြတ်ရန် အေဂျင်စီ တစ်ခုချင်းစီပေါ်တွင် မူတည်သော်လည်း မွမ်းမံသင်တန်းများကို အနည်းဆုံး နှစ်စဉ်ဆောင်ရွက်ရန် ထောက်ခံ အကြံပြု ပါသည်။ ဝန်ထမ်းများ၏ လက်မခံနိုင်သော အပြုအမူကို အရေးယူဆောင်ရွက်ရမည်ဖြစ်ပြီး၊ လူအင်အားအရင်းအမြစ် စည်းမျဉ်းများအရ လိုအပ်သလို စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းရပါမည်။ အာဏာပိုင်ပုဂ္ဂိုလ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးနှင့် လူငယ်အုပ်စုများ အပါအဝင် ရပ်ရွာလူထု၏ အစိတ်အပိုင်းအားလုံးနှင့် ဆက်ဆံရေးများ ထူထောင်ထိန်းသိမ်းရန် အလွန်အရေးကြီးပါသည်။ အရေးပေါ်ဆက်သွယ် ရန် အဆက်အသွယ်များအားလုံးကို သူတို့တစ်ဦးချင်းအလိုက် မည်သူတို့ ရပ်ရွာလူထုထဲတွင် ရှိနေသည်ကို စစ်ဆေး၍ အပြန်အလှန် ရည်ညွှန်းအတည်ပြုထားရပါမည်။

သာမန်လူမှုရေးအရ ဆက်ဆံရေးများသည် လက်ခံခြင်းကို မြှင့်တင်ပေးရာတွင် အဓိကကဏ္ဍမှ ပါဝင်နိုင်ပါသည်။ တရားဝင် အစည်းအဝေးများ ပြင်ပတွင် အချိန်ကောင်းစောင့်လျှက် အဓိကပုဂ္ဂိုလ်များနှင့် နှုတ်ဆက်ပြီး အလွှာပသလ္လာပ ပြောဆိုခြင်းသည် ရေရှည်တွင် ဆက်ဆံရေးများကို ကျယ်ပြန့်၍ ခိုင်မာလာစေပါသည်။

စတိုင်ပုံစံများ လိုက်ဖက်ရန် လိုအပ်သည်ကို သတိပြုပါ။ တပ်ထွက်တစ်ဦးသည် ဥပမာအားဖြင့် လက်နက်ကိုင် အုပ်စုဝင်များနှင့် ကောင်းမွန်စွာ အပြန်အလှန် ဆက်ဆံနိုင်မည် ဖြစ်သော်လည်း လူငယ်အုပ်စုများနှင့်မူ တစ်မျိုး ဖြစ်နေ နိုင်ပါသည်။ ကျား မ၊ အသက်အရွယ်နှင့် အတွေ့အကြုံ စသည်တို့အားလုံးကို ထည့်သွင်းစဉ်းစားခြင်းက အဆက် အသွယ်များ ထူထောင်ရန်နှင့် ထိန်းသိမ်းရန် စွမ်းဆောင်ရည်ကို အားဖြည့်ပေးပါသည်။

အခြေအနေအားလုံးတွင် လက်ခံခြင်း၏ ကန့်သတ်ချက်များကို သတိရှိရန် အရေးကြီးပါသည်။ လက်ခံခြင်းက ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ဒေသခံရပ်ရွာလူထု၏ ဆက်ဆံရေးများကို ပိုမိုကောင်းမွန်လာစေမည် ဖြစ်သော်လည်း အချိန် ကြာနိုင်ပါသည်။ အေဂျင်စီ၏ မအောင်မြင်မှုများ သို့မဟုတ် အားနည်းချက်များက ဆက်ဆံရေးကို အလွယ်အကူ ကမောက်ကမ ဖြစ်သွားစေနိုင်ပါသည်။ လက်ခံခြင်းသည် များသောအားဖြင့် သဘောထားတင်းမာသူများ သို့မဟုတ် အစွန်းရောက်အုပ်စုများ၏ ခြိမ်းခြောက်မှုများအတွက် လုံခြုံမှုများစွာ ပေးမည်မဟုတ်ပါ။

## ပုံရိပ်နှင့် လက်ခံခြင်းကို လုံခြုံရေးအတွက် နည်းလမ်းတစ်ရပ်အဖြစ်အသုံးပြုခြင်း

ပုံရိပ်နှင့်လက်ခံခြင်းကို လုံခြုံရေးအတွက် နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုရာတွင် လူသားချင်းစာနာမှု အေဂျင်စီများသည် အေဂျင်စီနှင့်စီမံကိန်းတို့ရှိနေခြင်းအပေါ် လူထုက မည်ကဲ့သို့တွေးထင်သည်ကို သိရှိနားလည်ရန် အချိန်ယူ ကြိုးစားခြင်းလည်း ပါဝင်ပါသည်။ သူတို့ဝင်ရောက်အလုပ်လုပ်နေကြသောရပ်ရွာလူထုများက လူသားချင်းစာနာမှုအဖွဲ့ အစည်းများအပေါ် ရှုမြင်ပုံသည် ဝန်ထမ်းများ၏ လုံခြုံရေးကိုသာမက စီမံကိန်းများ၏ ယေဘုယျအောင်မြင်မှု အပေါ်လည်း သက်ရောက်ပါသည်။ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများသည် သူတို့၏ ကိုင်ပိုင်လက္ခဏာနှင့် သူတို့အပေါ် မည်ကဲ့သို့ သဘောပေါက်ထင်မြင်စေလိုသည်ကို ပထမဦးစွာ ရှင်းလင်းပြတ်သားရပါမည်။ အေဂျင်စီ တစ်ခု၏ ကိုယ်ပိုင် လက္ခဏာအပေါ် ရှင်းရှင်းလင်းလင်းသိရှိစေရန်မှာ အေဂျင်စီ၏ လုပ်ဆောင်ချက်များကို ဦးဆောင် မောင်းနှင်သော မျှော်မှန်း ချက်များ၊ သဘောတရားများ နှင့် တန်ဖိုးထားမှုများကို သိရှိခြင်းနှင့် ထိုသတင်းစကားများကို အခြားသူများအား ရှင်းလင်းစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆက်သွယ်အသိပေးခြင်းတို့ ပါဝင်ပါသည်။

နောက်တစ်ချက်မှာ မိမိတို့ ဝင်ရောက်အလုပ်လုပ်နေသည့် ရပ်ရွာလူထုက မိမိတို့အပေါ် မည်ကဲ့သို့သဘောပေါက် ထင်မြင်သည်ကို ထည့်သွင်းစဉ်းစားရန်နှင့် အန္တရာယ်လျှော့ချရေး နည်းလမ်းတစ်ရပ်အဖြစ် အပေါင်းလက္ခဏာ ဆောင်သော

ဆက်ဆံရေးများ ထူထောင်ရန်တို့ ဖြစ်ပါသည်။ အေဂျင်စီတစ်ခုအား မည်ကဲ့သို့ သဘောပေါက် ထင်မြင် သည်ကို လွှမ်းမိုးနိုင်သည့်အချက်များတွင် အောက်ပါတို့ ပါဝင်ကြပါသည်။

- ➔ မျှော်မှန်းချက်၊ သဘောတရားများနှင့် တန်ဖိုးထားမှုများ
- ➔ အေဂျင်စီ၏ မူလဇစ်မြစ် (အခြေပြုသည့် နိုင်ငံနှင့် ထိုနိုင်ငံ၏ ဆက်စပ်သော နိုင်ငံခြားရေး မူဝါဒများ)။
- ➔ လုပ်ငန်းအစီအစဉ်များနှင့် စခန်းလူထု
- ➔ အလှူရှင်များ
- ➔ ပြည်တွင်း မိတ်ဖက်များ
- ➔ အရင်းအမြစ်များကို အသုံးပြုသည့်နည်းလမ်း
- ➔ အလုပ်ခန့်ထားခြင်းနှင့် အလုပ်ထုတ်ခြင်း လုပ်ထုံးလုပ်နည်းများ
- ➔ မူဝါဒများ
- ➔ ဝန်ထမ်းများအပေါ် ဆက်ဆံပြုမူဆက်ဆံပုံ
- ➔ အဖွဲ့အစည်း၏ ပြုမူပုံ
- ➔ အဖွဲ့အစည်း၏ အဆက်အသွယ်များ
- ➔ အဖွဲ့အစည်းမှ ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးအပြုအမူ

## ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်း

အေဂျင်စီအတွက် အန္တရာယ်ကျရောက်လွယ်မှုကိုလျော့ချရန် ကာကွယ်စောင့်ရှောက်ခြင်းနည်းဗျူဟာသည် ကာကွယ်စောင့်ရှောက်ရေး ပစ္စည်းကိရိယာများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုပါသည်။ ၎င်းက ခြိမ်းခြောက်မှုကို ဦးတည် ကိုင်တွယ်ဆောင်ရွက်ခြင်းမပြုပါ။ အများအားဖြင့် ညမထွက်ရအမိန့်များ၊ သင့်လျော်သောဆက်သွယ်ရေးများ၊ လုံခြုံရေး ယာဉ်တန်းများ အသုံးပြုခြင်း နည်းလမ်းများကို ထည့်သွင်းစဉ်းစားရန် အကြံပြုခြင်းမှာ ကာကွယ်စောင့်ရှောက်ခြင်း နည်းလမ်း၏ အခြေခံဖြစ်ပါသည်။ ဤဆောင်ရွက်မှုများမှ အတော်များများသည် လိုအပ်နိုင်သော်လည်း သူတို့ချည်းအပေါ် အားထားရန် မလုံလောက်ပါ။ ကာကွယ်စောင့်ရှောက်ခြင်းနည်းလမ်း၏ အဓိကအားနည်းချက်သည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီကို ဖြစ်နိုင်ခြေရှိသည့် ပစ်မှတ်အဖြစ်မှ ကာကွယ်ပေးသော်လည်း ခြိမ်းခြောက်မှုပြုလုပ်သည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်း မပြုနိုင်ပါ။ ၎င်းသည် ခံစစ်ဆီသို့ ဦးတည်ပြီး အေဂျင်စီကို ပတ်ဝန်းကျင်မှ သီးခြားခွဲထားနိုင် ပါသည်။ တစ်ဖန် ၎င်းက အခြားသူများနှင့် ဆက်ဆံရေးများ ဖြစ်ထွန်းနိုင်မှုကို ရှုပ်ထွေးစေပြီး၊ အဓိပ္ပါယ်ရှိသော လက်ခံခြင်းကို ရရှိရန် စွမ်းဆောင်နိုင်ရည်ကို လျော့ကျစေနိုင်ပါသည်။

### လုံခြုံရေးအတွက် စခန်းခြံစည်းရိုးခတ်ခြင်း

တစ်ခါတစ်ရံ အာဏာပိုင်များသည် စခန်းတစ်ခုကို ခြံစည်းရိုးခတ်ခြင်း သို့မဟုတ် အဝင်အထွက်ကိုထိန်းချုပ်ရန် အခြား စနစ်များထားရှိခြင်းကို အလေးအနက် တောင်းဆိုတတ်ပါသည်။ တစ်ခါတစ်ရံ စခန်းတွင်းရှိ ရွှေ့ပြောင်းနေထိုင်ရသူများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် ခြံစည်းရိုးခတ်ခြင်းကို ရပ်ရွာလူထုက တောင်းခံလာနိုင်ပါသည်။ အချို့အခြေအနေများတွင် စခန်းကို ခြံစည်းရိုးမခတ်ဘဲ လွတ်လပ်စွာသွားလာနိုင်ခြင်းကို ပိုမိုလိုလားနိုင်ပါသည်။ ထို့အတူပင် ရုတ်တရက် လက်နက်ကိုင်တိုက်ခိုက်မှု သို့မဟုတ် သဘာဝဘေးအန္တရာယ်ကျရောက်မှု ဖြစ်လာသောအခါ ကာကွယ် စောင့်ရှောက်ရေး အတွက် လုပ်ဆောင်မှု တစ်ရပ်က ရုတ်ချည်း ထောင်ခြောက်တစ်ခု ဖြစ်လာနိုင်ပါသည်။
ခြံစည်းရိုးခတ်လျှင် ထည့်သွင်းစဉ်းစားရန် အဓိကအချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ ထိရောက်ရေး။ ။ဝင်ထွက်သူတိုင်းကို အမှန်တကယ် ထိန်းထားနိုင်ပါသလား။
- ➔ လက်လှမ်းမီရေး။ ။အေဂျင်စီများ အလုပ်လုပ်သည့် သို့မဟုတ် နေထိုင်သည့်နေရာကို အလွယ်တကူ သွားလာဝင်ထွက်ရန် ဖြစ်နိုင်ပါသလား။ အခြား ဝင်ထွက် ပေါက်များကို စဉ်းစားရန်လိုသည်။

- ➔ ခြံစည်းရိုးများကို မည်ကဲ့သို့ နားလည်ကြပြီး လူထုက ၎င်းတို့ကို မည်ကဲ့သို့ တုံ့ပြန်ကြပါသလဲ။
- ➔ ရေရှည်အတွက် အခြား မည်သည့်နည်းလမ်းကို အသုံးပြုနိုင်ပါသလဲ။ ဆူး ခြံစည်းရိုးတန်းသည် ရေရှည်တွင် ပိုမိုထိရောက်သည့် အတားအဆီးဖြစ်နိုင်ပါသည်။

## ခြိမ်းခြောက်ဟန့်တားခြင်း နည်းလမ်း

ခြိမ်းခြောက်ဟန့်တားခြင်းဆိုသည်မှာ ခြိမ်းခြောက်မှုတစ်ခုကို တန်ပြန်ခြိမ်းခြောက်မှု တစ်ခုဖြင့် တုံ့ပြန်ခြင်းကို ဆိုလိုပါ သည်။ ၎င်းတွင်တရားဥပဒေ၊စီးပွားရေးသို့မဟုတ်နိုင်ငံရေးအရပိတ်ဆို့အရေးယူခြင်းမှသည်အသိသာအထင်ရှားဆုံးအဖြစ်ခုခံကာကွယ်ရေး သို့မဟုတ် ထိုးစစ်ဆင်ရေးအတွက် အင်အားသုံးခြင်း နည်းလမ်းများဖြင့် တန်ပြန် ခြိမ်းခြောက်မှုအထိ လွှမ်းခြုံပါဝင်နိုင်ပါသည်။ အမှန်အားဖြင့် ၎င်းသည် စခန်းအဆင့်တွင် အေဂျင်စီအများအပြား အတွက် လက်တွေ့မဖြစ်နိုင်ပါ။ ပကတိအခြေအနေတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုက အလိုရှိသလို အသုံးပြုနိုင် သော တန်ပြန်ခြိမ်းခြောက်မှုများသည် များသောအားဖြင့် အကန့်အသတ်ရှိပါသည်။ တန်ပြန်ခြိမ်းခြောက်မှု တစ်မျိုးမှာ အကူအညီ ရပ်ဆိုင်းလိုက်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဝတ်မွတ်ခေါင်းပါးခြင်း သို့မဟုတ် စစ်တပ် ထိုးစစ်ဆင်ခြင်း ကြောင့် လူများ အလုံးအရင်းနှင့် သွားလာပြောင်းရွှေ့ရပြီး လိုအပ်ချက်များ ကြီးမားစွာရှိနေသော ကာလအတွင်း ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ဤအခြေအနေများတွင် အကူအညီရပ်ဆိုင်းခြင်းသည် လက်တွေ့မကျဘဲ၊ လူသူအများကို ပိုမို ထိခိုက်နာကျင်စေနိုင်ပါသည်။

ခြိမ်းခြောက်နေသောအုပ်စုများသည် အထူးသဖြင့် အကြမ်းဖက်ရန်အစီအစဉ်တစ်ခု ရှိနေပါက၊ စခန်းစီမံခန့်ခွဲမှု အေဂျင်စီများကို အကူအညီများရပ်ဆိုင်း၍ အမှန်တကယ်ထွက်ခွာသွားစေရန် ဆန္ဒရှိနေနိုင်သည်ကိုလည်း မှတ်သား ထားရပါမည်။ အချို့သော အေဂျင်စီများသည် သူတို့၏ အဆောက်အအုံ ဥပစာခြံဝင်းများ သို့မဟုတ် လုပ်ငန်းများကို လုံခြုံစေရန် လက်နက်ကိုင်ဝန်ထမ်းများ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ အသုံးပြုခြင်းကို ထည့်သွင်းစဉ်းစားမှုများ ရှိနိုင် ပါသည်။ အောက်ခြေအဆင့်တွင် တစ်ဦးတစ်ယောက်ချင်း တိုက်ရိုက်ခြိမ်းခြောက်မှု ရှိနေပြီး၊ အစောင့်တစ်ယောက် က အသက်ကယ်ဆယ်ပေးလိုက်ရသည့် အခြေအနေမျိုးမှလွဲ၍ ပြဿနာတစ်ခုကို ဖြေရှင်းရန် လက်နက်ကိုင်တပ်ဖွဲ့ သုံးခြင်းက ပိုမို သင့်လျော်နိုင်သည့် ဖြစ်ရပ်မြင်ကွင်း အများအပြားကို စိတ်ကူးကြည့်ရန် ခက်ခဲပါသည်။ မတတ်သာ သည့်အဆုံး လက်နက်ကိုင်တပ်ဖွဲ့ အသုံးပြုခြင်းသည် အခြေအနေတစ်ရပ်ကို လွယ်ကူစွာ အရှိန်မြှင့်ပေးလိုက်နိုင်ပြီး အလွန်ဆိုးရွားသော အကျိုးဆက်များ ရှိလာစေနိုင်ပါသည်။

### စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

- ✔ စခန်းတွင်းနေထိုင်သူများနှင့် ဝန်ထမ်းများ၏ ဘေးကင်းမှုနှင့် လုံခြုံရေး သေချာစေရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စခန်းညှိနှိုင်းစီမံရေး အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အဖွဲ့ နှင့် အတူ အနီးကပ် အလုပ်လုပ်သည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းနေထိုင်သူများနှင့် ဝန်ထမ်းများအတွက် ခြိမ်းခြောက်မှုများ ဖြစ်နိုင်ခြေနှင့် သက်ရောက်မှုတို့ကို သိရှိရန် အန္တရာယ်ဆန်းစစ်သုံးသပ်ခြင်းများကို လုပ်ဆောင်ပြီးနောက် အန္တရာယ်လျော့ချရေး ဆောင်ရွက်မှုများကို အကောင်အထည်ဖေါ် သည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဖြစ်နိုင်ပါက သို့မဟုတ် မိမိတို့တွင် ခန့်ထားသော လုံခြုံရေးဝန်ထမ်း မရှိပါက အန္တရာယ်ဆန်းစစ်သုံးသပ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း၊ လုံခြုံရေးအစီအစဉ်များနှင့် ဆက်စပ်စနစ်များ၊ စံပြုလုပ်ထုံးလုပ်နည်းများ ရေးဆွဲပြုစုခြင်းတို့ကို လုပ်ဆောင်ရန်အတွက် လုံခြုံရေး ကျွမ်းကျင်သူအရာရှိ များကို ခန့်ထားသည်။
- ✔ ဝန်ထမ်းအားလုံး ဘေးကင်းလုံခြုံရေး သေချာစေရန် ကယ်ဆယ်ရေး အစီအမံများအပါအဝင် လုံခြုံရေး စနစ်များနှင့် အရေးပေါ် အစီအစဉ်များကို အခြားအေဂျင်စီများနှင့် မျှဝေ၍ ညှိနှိုင်းဆောင်ရွက်ပါသည်။
- ✔ လုံခြုံရေးအစီအစဉ်များတွင် ဆက်စပ်အခြေအနေတစ်ရပ်အတွင်း ပြောင်းလဲနိုင်သည့် အလားအလာ၏ အညွှန်းများ၊ စနက်များနှင့် ထိုကဲ့သို့သော အပြောင်းအလဲများတွင် လုပ်ဆောင်ရမည့် ဆောင်ရွက်မှုများ အသင့်ဖေါ်ပြပါရှိသော ဆက်စပ်အခြေအနေ သီးသန့်သတိပေးအဆင့် ဇယားတစ်ခု ပါဝင်ပါသည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းများအား ဆန့်ကျင်လုပ်ဆောင်သော သို့မဟုတ် ၎င်းတို့ ပါဝင်ပတ်သက် နေသော ဖြစ်စဉ်များကို စီမံခန့်ခွဲရေး ကွင်းဆက်လမ်းကြောင်းမှ မန်နေဂျာ သို့မဟုတ် လုံခြုံရေးတာဝန်ရှိ ဝန်ထမ်းအထိ သတင်းပို့ပါသည်။ ထိုကဲ့သို့သော

ဖြစ်စဉ်များ၏ စာရင်းစာအုပ်ကို အလားအလာများ စီစစ် သုံးသပ်ခြင်းနှင့် လက်ရှိ ဘေးကင်းလုံခြုံရေး လုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှု ပြန်လည်သုံးသပ်ရာ တွင် အသုံးပြုနိုင်ရန် ထိန်းသိမ်းထားရှိပါသည်။

- ✔ စခန်းဒီဇိုင်းနှင့် အစီအမံများပြုစုရာတွင် ဘေးကင်းလုံခြုံမှု၊ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကိစ္စ ရပ်များ၊ အထူးသဖြင့် ခြိမ်းခြောက်မှုများအတွက် အန္တရာယ်ကျရောက်ရန် အလွယ်ဆုံးဖြစ်နေသူများ နှင့် သီးခြားလိုအပ်ချက်များ ရှိနေသူများ စသည်တို့ကို ထည့်သွင်းစဉ်းစားပါသည်။
- ✔ လေ့ကျင့်ထားသည့် အရပ်ဖက်ရဲတပ်ဖွဲ့ကို အနီးပတ်ဝန်းကျင်တွင် တာဝန်ချထားပါသည်။ သို့ရာတွင် အကောင်းဆုံးဖြစ်စေရန် စခန်းအတွင်း တပ်စွဲမထားပါ။ ရဲစစ်ဆေးရေးဂိတ်များနှင့် ကင်းလှည့်ခြင်းများကို စခန်းအတွင်းထားရန်မှာ အထူးသဖြင့် စခန်းအကြီးများတွင် ဆက်စပ်အခြေအနေအရ ထည့်သွင်းစဉ်းစား နိုင်ပါသည်။
- ✔ ရပ်ရွာလူထုသည် မိမိတို့၏လုံခြုံရေးအတွက် တာဝန်ပေးထားသော ကျွမ်းကျင်အေဂျင်စီတစ်ခု သို့မဟုတ် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ကြီးကြပ်သူများကို လေ့ကျင့်သင်တန်းပေးပြီး လက်နက်ကိရိယာ တပ်ဆင် ပေးထားကာ ကွပ်ကဲစောင့်ကြည့်ပေးသည့် စနစ်တစ်ခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။
- ✔ စခန်းတွင်း တန်းတူညီမျှ အကူအညီပေး စီမံကိန်းလုပ်ငန်းများနှင့် ကာကွယ်စောင့်ရှောက်မှုများဖြင့် ပြစ်မှု၊ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုတို့နှင့် ထိတွေ့ခြင်းမှ လျော့နည်းရန် ဆောင်ရွက်သည်။
- ✔ စခန်းလူထုသည် ပညာရေးနှင့် အတတ်ပညာသင်တန်း၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် အခြားအပန်းဖြေ အနားယူလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက် ရန် အခွင့်အလမ်းများ ရှိသည်။
- ✔ ရပ်ရွာလူထုအခြေပြု ရှေ့ဆောင်ရှေ့ရွက်ပြုမှုများဖြင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်း အချက် အလက်များ ဆက်သွယ်ဖြန့်ဝေနိုင်သည်။ ဥပမာ - ရေဒီယို၊ ပြဇာတ်ပွဲ၊ သတင်းလွှာ၊ ကော်မီတီနှင့် စိတ်ဝင်စားသူအုပ်စု အစည်းအဝေးများဖြင့် ဆောင်ရွက်နိုင်သည်။
- ✔ စခန်းတွင်နေထိုင်သူများက ပြစ်မှု၊ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖေါက်မှု သို့မဟုတ် လုံခြုံရေးဆိုင်ရာ ချိုးဖောက်မှုများစသည်တို့ကို လျှို့ဝှက်ချက်ထိန်းသိမ်းမှုဖြင့် သတင်းပို့အစီရင်ခံနိုင်ရန် သတင်းပို့စနစ် များသည် လက်လှမ်းမီ၊ ဘေးကင်းလုံခြုံ၍ နေရာတကျ ရှိနေသည်။
- ✔ စခန်းတွင်းနေထိုင်သူများအတွက် ပြစ်မှုနှင့်အကြမ်းဖက်မှုတို့မှ အသက်ရှင်ကျန်ရစ်သူများအား ကာကွယ် စောင့်ရှောက်ရေးအေဂျင်စီများက သို့မဟုတ် ဝန်ထမ်းများအတွက် လူအင်အားအရင်းအမြစ် ဝန်ထမ်းများ က လုံလောက်သော ပြုစုစောင့်ရှောက်ခြင်းနှင့် ဆက်လက်ကြည့်ရှုခြင်းတို့ သေချာစေရန် ညွှန်းပို့စနစ် များ နေရာတကျ ရှိနေသည်။
- ✔ လုံခြုံရေးအညွှန်းများအား ပုံမှန်စောင့်ကြည့်လေ့လာခြင်းဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပတ်ဝန်းကျင် ၏ လုံခြုံရေးအဆင့် အပြောင်းအလဲကို သိရှိနိုင်ပြီး လိုအပ်သလို အရေးယူလုပ်ဆောင်သည်။
- ✔ စခန်းကော်မတီဝင်များကို လုံခြုံရေးနှင့်ဆက်နွှယ်သော အကြောင်းအရာများအတွက် သင်တန်းပေးထား ၍ လိုအပ်သင့်လျော်သည့်အခါ စခန်းတွင်း၌ အသိသတိရှိရေး အစီအစဉ်များ လုပ်ဆောင်နိုင်ရန် ခွင့်ပြု ပေးသည်။
- ✔ စခန်းတွင်းနေထိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းတို့အား ထိရောက်သော ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် စီမံရေးတွင် ပါဝင်လုပ်ဆောင်စေပါသည်။
- ✔ စခန်းတွင်း၌ လက်နက်ကိုင်အုပ်စုများ ရှိနေသည်ကို သိရှိရပါက၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေနှင့် မည်ကဲ့သို့ တုံ့ပြန်ရမည်ကို ဖေါ်ပြပါရှိသည့် စံပြု လုပ်ထုံးလုပ်နည်းများ ရှိသည်။
- ✔ လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်သားစုဆောင်းခြင်းခံရမည့် အန္တရာယ်ရှိနေသောအုပ်စုများ သို့မဟုတ် ပုဂ္ဂိုလ်များကို ဖော်ထုတ်သတ်မှတ်ပါသည်။
- ✔ စခန်းတွင်းနေထိုင်သူများနှင့် ဒေသခံရပ်ရွာထုတို့အကြား တင်းမာမှု ဖြစ်စေနိုင်သော အကြောင်းရင်း များနှင့် ဖြစ်ပေါ်လာနိုင်သော ဆူပူမှုတို့ကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီက နားလည်သဘောပေါက်ပါသည်။
- ✔ စခန်းနှင့် ဒေသခံရပ်ရွာလူထုအကြား အပေါင်းလက္ခဏာဆောင်၍ အပြန်အလှန်အကျိုးပြုသည့် ဆက်ဆံ ရေးများ ဖြစ်ပေါ်ထူထောင်ရေးအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက လက်ဦးမှု ရယူဆောင်ရွက်ပါသည်။
- ✔ စခန်းနှင့် ဒေသခံရပ်ရွာလူထုများ၏ ကိုယ်စားလှယ်များ ပုံမှန်တွေ့ဆုံပြီး ပြဿနာများ ကိုင်တွယ်ဖြေရှင်း ရန် ဖိုရမ်များနှင့် စနစ်များ နေရာတကျ ရှိနေပါသည်။

- ✔ စခန်းစီမံခန့်ခွဲမှုအောဂျင်စီ ဝန်ထမ်းများသည် ရပ်ရွာလူထုအတွင်း မိမိတို့ရောက်ရှိနေခြင်း၏ သက်ရောက်မှု ကို သိရှိကြပါသည်။ ၎င်းတို့သည် အောဂျင်စီ၏ လုပ်ပိုင်ခွင့်နှင့် လူသားချင်းစာနာထောက်ထားမှု ရည်ရွယ် ချက်များကို နားလည်သဘောပေါက်စွာ ဆက်သွယ်ပြောဆိုကြပြီး ပွင့်လင်းမှု၊ လေးစားမှုနှင့် ချစ်ကြည်ရေး တို့ကို မြှင့်တင်ပေးမည့် နည်းလမ်းများဖြင့် ပြုမူဆက်ဆံကြပါသည်။
- ✔ စခန်းတွင် အကူအညီများပေးရန် စီစဉ်ဆောင်ရွက်သည့်အခါ အိမ်ရှင်လူထု၏ လိုအပ်ချက်များကိုလည်း ထည့်သွင် စဉ်းစားပါသည်။

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များ အားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၎င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၎င်း ရရှိနိုင်ပါသည်။

- Camp Safety Handout, 2014 (စခန်း ဘေးကင်းလုံခြုံရေး လုပ်ဆောင်နည်းလက်ကမ်းစာအုပ် ၂၀၁၄)
- Security Risk Assessment Template, 2014 (လုံခြုံရေးအန္တရာယ် ဆန်းစစ်သုံးသပ်ခြင်း Template ၂၀၁၄)
- Security Alert Level Template, 2014 (လုံခြုံရေး သတိပေးအဆင့် Template ၂၀၁၄)
- Template for Security Plan, 2014 (လုံခြုံရေး အစီအမံအတွက် Template ၂၀၁၄)
- Template for Evacuation Plan, 2014 (ဆယ်တင် ကယ်ထုတ်ရေးအတွက် Template ၂၀၁၄ )

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Jane Barry and Anne Jefferys, Humanitarian Practice Network, 2004. A Bridge Too Far: Aid Agencies and the Military in Humanitarian Response
- Department of Peacekeeping Operations, UN, 2010. Second Generation Disarmament, Demobilization and Reintegration (DDR) Practices in Peace Operations
- European Commission's Humanitarian Aid and Civil Protection Department (ECHO), 2004. Generic Security Guide for Humanitarian Organisations
- Inter Agency Standing Committee (IASC), UN, 2004. Civil-Military Relationship in Complex Emergencies
- IASC, UN, 2008. Civil-Military Guidelines & Reference for Complex Emergencies
- IASC, 2013. Non-Binding Guidelines on the Use of Armed Escorts for Humanitarian Convoys
- International Committee of the Red Cross (ICRC), 2005. Staying Alive: Safety and Security Guidelines for Humanitarian Volunteers in Conflict Areas
- Overseas Development Institute, Humanitarian Practice Network, 2010. Operational Security Management in Violent Environments
- Hugo Slim, Centre for Humanitarian Dialogue, 2007. A Guide to Mediation. Enabling Peace Processes in Violent Conflicts
- United Nations Refugee Agency (UNHCR), 2001. Managing the Stress of Humanitarian Emergencies
- UNHCR, 2006. Operational Guidelines on Maintaining the Civilian and Humanitarian Character of Asylum
- UNHCR, 2011. Manual on Security of Persons of Concern